ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ (16-11-2011)(၆၉၄၅)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

# ဗြိတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဌာန ဝန်ကြီးအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် နေပြည်တော်တွင် ရောက်ရှိနေသော ဗြိတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဌာန ဝန်ကြီး H. E. Mr. Andrew John Bower Mitchell အား ယနေ့ညနေ ၃ နာရီမှ ၄ နာရီ ၁၅ မိနစ်အထိ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

### တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန် သံအမတ်ကြီး H. E. Mr. Andrew Richard Heyn လည်း တက်ရောက်သည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)



**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဗြိတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာန ဝန်ကြီး H. E. Mr. Andrew John Bower Mitchell အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)



**ဒုတိယသမ္မတ သီဟသူရ ဦး တင် အောင် မြင့် ဦး ဗြိတိသျှ ပါလီမန်အမတ် အစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုး ရေးဌာန ဝန်ကြီး H.E. Mr. Andrew John Bower Mitchell အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဆုတံဆိပ်များ ထပ်မံဆွတ်ခူးရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၅**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၄ ရက်တွင် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးမီတာ (၅၀၀၀) အပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဖြူဝါသက်က ဒုတိယ ငွေတံဆိပ်ဆု ဆွတ်ခူးရရှိသည်။

ထို့ပြင် ဘိလိယက်နှင့် စနူကာ အမျိုးသားနှစ်ယောက်တွဲ English Billiards Double ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျော်ဦးနှင့် နေသွေးဦးတို့က ဒုတိယငွေတံဆိပ်ဆု ဆွတ်ခူးရရှိကြပြီး တိုက်ကွမ်ဒို အမျိုးသား Fin Weight (၅၄) ကီလိုတန်းအောက် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နိုင်ဒွေးရှိန်က ဒုတိယငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိသည်။

အလားတူ အမျိုးသား 60 Kg(Greco- Roman) နပန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇော်မင်းအောင်က တတိယကြေးတံဆိပ်ကို ဆွတ်ခူးရရှိပြီး အမျိုးသမီးနှစ်ယောက်တွဲ (၁၀) မီတာ Platform (Sync) ဒိုင်ဗင်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ စိုးစန္ဒာညွန့်နှင့် ဟေမာနှင်းတို့က ကြေးတံဆိပ် ဆွတ်ခူးရရှိသည်။ **စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ❖

ယ နေ့ သ တ င် း အ ညွှ န် း

## ပထမဦးဆုံး ယောကျ်ားလေးရင်ချင်းဆက်အမြွှာ ယနေ့ခွဲစိတ်မည်



"ယနေ့ ခွဲစိတ်မည့် ပထမဦးဆုံး ယောကျ်ားလေး ရင်ချင်းဆက်အမြွှာဖြစ်သည့် အသက် ၂ နှစ် ၈ လရှိ ရန်ကင်းနှင့် ရန်ရှင်း ညီအစ်ကိုနှစ်ဦးကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့ရွာ၌ ၂၀၀၉ ခုနှစ် မတ်လ ၁၁ ရက်တွင် ရေနီစက္ကူစက် ဆေးရုံကြီး၌ မွေးဖွားခဲ့"

ပြည်တွင်းသတင်း စာမျက်နှာ - ၇

ကြေးမုံစာတည်းရှုထောင့် 　　　　　 ၁၆-၁၁-၂၀၁၁ [ဗုဒ္ဓဟူးနေ့]။

# မြို့ကြီးပြကြီးဆိုတာရယ်...

ကမ္ဘာပေါ်တွင် မြို့ပြယဉ်ကျေးမှုများ ထွန်းကားခဲ့သည်မှာ ထောင်စုနှစ်များနှင့်ချီ၍ပင်ရှိခဲ့ပြီဖြစ်သည်။ ရှေးဦးမူလက မြို့ပြနိုင်ငံငယ် (City - state) များအဖြစ် စတင်ပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပြီး ယင်းမြို့ပြနိုင်ငံများ၏ အုပ်ချုပ်ရေးယန္တရား၊ စီးပွားရေးယန္တရားလည်ပတ်မှုတို့အပေါ် အခြေပြုကာ (Civilization) ခေါ် မြို့ပြယဉ်ကျေးမှုများ ထွန်းကားလာခဲ့ရသည်။ မြို့ပြယဉ်ကျေးမှုမှာ ကြီးမားကျယ်ပြန့်ပြီး ရှုပ်ထွေးထွေပြားသည်နှင့်အမျှ မြို့နေလူတန်းစားတို့အကြား အစဉ်အလာတန်ဖိုးထားမှုများ လျော့နည်းပါးလျားလာခြင်း၊ ယဉ်ကျေးမှုနှုန်းစံများ မှေးမှိန်ပျောက်ကွယ်လာကာ တစ်ခါတစ်ရံ ပုံမှန်ထားရှိရမည့် လူ့ကျင့်ဝတ်တို့ ပျက်ယွင်းလာခြင်းစသည့် သဘောလက္ခဏာတို့ကို တွေ့လာရတတ်သည်။

× × ×

"အချင်းမိတ်ဆွေ . . . အသင်သည် တန်ခိုးကြီးသော၊ ဗိုလ်ခြေများသော၊ ပညာထွန်းသော အက်သင်းမြို့တော်က မြို့တော်သား စင်စစ်ဖြစ်ပါ၏။ ထိုသို့သော အသင်သည် ရွှေငွေအသပြာ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာနောက်သို့သာ တကောက်ကောက် လိုက်နေသည်။ ပညာရဖို့အရေးကိုကား အသင်သတိမရ။ အမှန်တရားရှာဖို့အရေးကိုကား အသင်သတိမရ။ စိတ်ကောင်းမွေးဖို့ အရေးကိုကား အသင်သတိမရ။ လျစ်လျူပြု၍နေသည်။ ထိုသို့သော အပြုအမူသည် အက်သင်းမြို့တော်သားအခေါ်ခံသူအဖို့ ရှက်ဖွယ်မဟုတ်ပါလော"

ကောက်နုတ်ဖော်ပြထားသည့် အထက်ပါစကားစုကိုဆိုခဲ့သူမှာ ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဘီစီ ၅ ရာစုအတွင်းက ထင်ရှားခဲ့သည့် ဂရိနိုင်ငံ အက်သင်း(Athen)မြို့သား အတွေးအခေါ်ပညာရှင် ဆော့ခရတ္တိစ်ဖြစ်သည်။ သူ့စကားအရ ထိုခေတ် အက်သင်းမြို့သားတို့သည်ပင် ခေနဥစ္စာနှင့် ရာထူးစည်းစိမ်တို့ရရှိရေးကိုသာ လုံးပန်းနေကြပုံ၊ ဝိဇ္ဇာအသိထူးတို့ရရှိရေး၊ စိတ်ကောင်းနှလုံးကောင်းတို့ ပေါ်ပေါက်လာအောင် ပြုစုပျိုးထောင်ရေးတို့ ပျက်ယွင်းနေကြပုံကို သိနိုင်သည်။

× × ×

မကြာမီက အိမ်နီးချင်းနိုင်ငံတစ်ခုတွင် ဖြစ်ပွားခဲ့သောသတင်းနှစ်ပုဒ် ရက်အနည်းငယ်ခြား၍ နိုင်ငံတကာသတင်းစာမျက်နှာအချို့တွင် ဖော်ပြပါရှိလာသည်။ တစ်ခုမှာ အသက် နှစ်နှစ်အရွယ်ကလေးငယ်တစ်ဦးကို မြို့လယ်လမ်းတစ်ခုပေါ်တွင် ကားတစ်စီးက ပွတ်တိုက်မိရာ ယာဉ်မောင်းက ဆင်း၍ပင်မကြည့်ဘဲ ဆက်၍မောင်းသွားသည်။ လမ်းပေါ်တွင် သွေးအလူးလူးနှင့် လဲကျနေသော ကလေးငယ်ကို အနီးအနားမှာ ဖြတ်သွားဖြတ်လာနေသူတို့က ငုံ့၍ပင်မကြည့်။ ထိုကလေးမှာ နောက်ထပ်ကားတစ်စီးက ထပ်တိုက်ခြင်းကိုပင် ခံရပြန်သည်။ ထိုဖြစ်ရပ်ကို လုံခြုံရေးကင်မရာတစ်ခုက မှတ်တမ်းတင်ထားခဲ့ရာ ကလေးအနားမှ ဖြတ်သန်းသွားခဲ့သူ စုစုပေါင်း ၁၈ ဦးအထိ ရှိခဲ့သည်။ မည်သူကမျှ အရေးတယူမပြုခဲ့ကြ။ နောက်ဆုံးတစ်ယောက်က ကယ်ဆယ်ပြီး ဆေးရုံသို့ပို့သော်လည်း နောက်ကျခဲ့ရသည်။ ကလေးမှာ နောက်တစ်နေ့တွင် ဆေးရုံ၌ ကွယ်လွန်ရှာသည်။

နောက်သတင်းတစ်ပုဒ်မှာ မြို့လယ်ကောင်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားပြီး ကားကို မီးစွဲလောင်သည်။ ကားထဲမှာလိုက်ပါလာသူ ခုနစ်ဦးတို့ အသက်လုပြီး ကားထဲမှ တိုးထွက်ကြရသည်။ ကံကောင်းထောက်မသဖြင့် တစ်ဦးမျှ အဖိတ်အစဉ်မရှိခဲ့။ အခင်းဖြစ်ပွားချိန်တွင် မော်တော်ယာဉ်ပေါင်းများစွာ၊ လူပေါင်းများစွာတို့ အနီးမှာရှိနေ၊ ဖြတ်သန်းသွားလာနေကြသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ ဝင်ရောက်ကူညီကယ်ဆယ်ခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးအတွက် ဖုန်းဆက်ခေါ်ယူပေးခြင်းတို့ လုံးဝမရှိခဲ့ဟု ဆိုသည်။

× × ×

စင်စစ်အားဖြင့် အဆိုပါဖြစ်ရပ်များ ဖြစ်ပွားခဲ့သောနိုင်ငံမှာ ယဉ်ကျေးမှုအစဉ်အလာ အလွန်ကြီးမားခဲ့သော နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည်။ ယနေ့အချိန်တွင်လည်း ယဉ်ကျေးမှုအင်အားကြီးမားနေဆဲဖြစ်သည့်တိုင် တစ်ဖက်တွင် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားလာပြီး မြို့ပြယဉ်ကျေးမှု အဆောက်အအုံမှာ ရှုပ်ထွေးထွေပြားလာပြီဖြစ်ရာ မြို့ပြနေသူတို့အတွက် ကျင့်ဝတ်နီတိတို့ကို ဖော်ဆောင်လိုက်နာရန် ကြိုးပမ်းနေကြရပြီဖြစ်သည်။ အထက်ပါသာဓကတို့ကို ထောက်ရှုခြင်းအားဖြင့် မြို့ကြီးပြကြီးနေသူတို့၏ လူမှုကျင့်ဝတ်ဆိုင်ရာ၊ ပြည်သူ့နီတိဆိုင်ရာ အားနည်းချို့ယွင်းမှုတို့ကို ပြုပြင်နိုင်ရန် အဖြေရှာရသည်မှာ ဘီစီ ၅ ရာစုမှသည် ယခုအေဒီ ၂၁ ရာစုထိတိုင် မပြီးနိုင်သေးဟု ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ အထက်ဖော်ပြပါသတင်းမျိုးကြောင့် နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုတွင် မြို့ပြယဉ်ကျေးမှုကပါ ဟန်ချက်ညီ လိုက်ပါဖွံ့ဖြိုးလာနိုင်ခြင်းမရှိသည်ကို မေးခွန်းထုတ်စရာ ဖြစ်လာရသကဲ့သို့ နိုင်ငံနှင့် လူမျိုး၏ပုံရိပ်ကိုပါ ထိခိုက်စေရသည်မှာ သင်ခန်းစာယူဖွယ်ဖြစ်သည်။

တစ်ဖက်တွင်လည်း မိမိတို့ မြန်မာနိုင်ငံ၏ မြို့ပြလူမှုအသိုက်အဝန်းအတွင်း လူမှုကျင့်ဝတ်ဆိုင်ရာ၊ ပြည်သူ့ နီတိဆိုင်ရာ လိုက်နာကျင့်သုံးနိုင်မှု၏ ပကတိအခြေအနေကို မျက်ခြည်မပြတ်ဆန်းစစ်နေရန်လိုမည်ဖြစ်သကဲ့သို့ မျိုးဆက်သစ်များကိုလည်း လူမှုအဖွဲ့အစည်းဆိုင်ရာ ကျင့်ဝတ်နီတိများအပေါ် တန်ဖိုးထားကျင့်သုံးကြစေရေးအတွက် တိုက်တွန်းနှိုးဆော်နေရန် လိုအပ်မည်ဖြစ်သည်ဟု ယုံကြည်ယူဆပါကြောင်း။ ။

# မွန်ပြည်နယ်ဝန်ကြီးချုပ် သံဖြူဇရပ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၅**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ကျိုက္ခမီမြို့ ရေလယ်ကျောင်း၌ အထက်စကြံနတ်လမ်း ပြန်လည်တည်ဆောက်ရေး ကိစ္စရပ်များ၊ သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရားကြီး ဂေါပက ဩဝါဒါစရိယ ပြည်နယ် သံဃာ့ဝန်ဆောင် ဆင်ပုန်းဂူတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲသို့ တက်ရောက်သည်။

ယင်းနောက် ကျိုက္ခမီရေလယ်ဘုရား သီရိရတနာခန်းမဆောင်၌ ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောက်လုပ်မည့် ဘုရားစောင်းတန်းလျှောက်လမ်းပုံစံကားချပ်များကို ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာနှင့် မန်နေဂျင်းဒါရိုက်တာတို့က ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က မိမိရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီစေရေး၊ မြန်မာမှုအနုပညာလက်ရာများပါဝင်ရေး၊ ပင်လယ်ရေငန်ဒဏ်ခံနိုင်ရေး စသည်ဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် စက်စဲကမ်းခြေရှင်းလင်းဆောင်သို့ ရောက်ရှိရာ သံဖြူဇရပ်မြို့နယ် အုပ်ချုပ်ရေးမှူးက စက်စဲကမ်းခြေ သာယာလှပရေး၊ ဧည့်ရိပ်သာများ တည်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်တွင်း/ ပြည်ပခရီးသွားများ လာရောက်နိုင်ရေး၊ စက်စဲကမ်းခြေ လုံခြုံရေး၊ ဧည့်ရိပ်သာပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်သာယာရေးများ လုပ်ဆောင်သွားရန် မှာကြားသည်။

ထို့နောက် သံဖြူဇရပ်-ကျိုက္ခမီလမ်း မိုင်တိုင်အမှတ် (၇/၃)နှင့် (၇/၅) ကြား မြို့နယ်ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုနှင့် လမ်းဘေးဝဲ၊ ယာ ရော်ဘာပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကျောက်တန်းမြို့မကျောင်း အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ မြို့မကျောင်း၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) (အမျိုးသားနေ့) နံနက် ၁၁ နာရီတွင် ကျောက်တန်းမြို့ မြို့မအလယ်တန်းကျောင်း(ရွှေသံလွင်ခန်းမ)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် ဦးဇင်အောင် ဖုန်း-၀၉-၈၀၂၀၄၈၇၊ ဦးမိုးလွင် ဖုန်း-၀၉-၅၁၈၈၇၂၃၊ ဦးမြင့်သန်း ဖုန်း-၀၉-၇၃၁၇၉၂၃၉၊ ဦးသာကျော် ဖုန်း-၀၅၆-၂၅၃၅၈နှင့် ဦးမောင်မောင်ဦး ဖုန်း-၀၉-၅၀၀၇၁၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၇၄)



# မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဒုတိယဥက္ကဋ္ဌ အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်းက "Finance Reporting Framework-Agriculture and Current Issues" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**စာရင်းသွင်း**

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။ ဟောပြောပွဲတက်ရောက်ရန်အတွက် နိုဝင်ဘာ ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း (အမှတ် ၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း -၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# တာချီလိတ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**တာချီလိတ် နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၅) ကောင်းမှုတောင်ကွင်း ဦးပိုင်အမှတ်(၃၃) တောင်သူ ဒေါ်နန်းနွန်း၏ လယ်မြေ ၁ ဒသမ ၇၈ ဧကတွင် ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ထင်နှင့် ခရိုင်/မြို့နယ် မြေစာရင်းဦးစီးဌာနများမှ ဝန်ထမ်းများက မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ **(အပေါ်ပုံ)** "ကောင်း" အဆင့်အတန်း ဆင်းဧကရီ-၃ စပါးတစ်ဧကလျှင် ၈၉ ဒသမ ၆၃ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(ပြည်နယ်မြေစာရင်း)

# ကဏန်းတင်ပို့မှု လေကြောင်းမှ အများဆုံးတင်ပို့ခဲ့

**ရန်ကုန် နိုဝင်ဘာ ၁၅**

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့ ကဏန်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅ သန်းလျာထားရာ ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ကဏန်းတင်ပို့မှုမှ ရငွေမှာ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၃၅၄ သန်းရှိပြီဖြစ်သည်။ မူဆယ် (၁၀၅) မိုင်မှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၃၂ သန်း၊ မြိတ်မြို့မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၃ သန်း၊ ကော့သောင်းမြို့မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၅ သန်းဖိုး တင်ပို့နိုင်ပြီး လေကြောင်းမှ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၂၇ သန်းဖြင့် အများဆုံးဖြစ်သည်ဟု သိရသည်။

ကဏန်းပျော့မှာ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၆၇ သန်း၊ မြိတ်မြို့မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၆၇ သန်းဖိုး တင်ပို့ခဲ့ပြီး ကဏန်းပြည်ပတင်ပို့မှု လျာထားချက်၏ ၇၈ ဒသမ ၁၅ ရာခိုင်နှုန်း တင်ပို့ပြီးဖြစ်ကြောင်း သိရသည်။

(ညွန့်သန်း)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၆-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၅ ၆။ ရှေးဟောင်းသုတ
၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၁၇)**
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ Mail Box
၆း၃၅ ၁၂။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၇၄)
၇း၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၂၁)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ဒို့တာဝန်အရေး(၃)ပါး
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ အပျိုကြီးမမရယ် (ဇာတ်သိမ်း) (မိုလ်ခန်း၊ ဆုပြည့်စိုးလွင်၊ ခင်လှိုင်၊ ကောင်းစံနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၀။ လျှပ်တစ်ပြက်
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၉)**
၂၃။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၅-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၅၀၀ | ၀. ၀၃၂၄၁ |
| တရုတ် (ယွမ်) | ၆. ၃၄၈၃၀ | ၀. ၁၅၇၅၂ |
| အိန္ဒိယ (ရူပီး) | ၅၀. ၆၄၀၄ | ၀. ၀၁၉၇၅ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၅၀၆ | ၀. ၃၁၆၉၅ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၁၈၀ | ၀. ၇၇၄၁၁ |
| ဂျပန် (ယန်း) | ၇၇. ၀၄၆၁ | ၀. ၀၁၂၉၈ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၈. ၆၀ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၃၇၅၆ | ၁. ၃၅၅၈၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၉၃၈ | ၁. ၅၈၈၈၇ |

*အင်တာနက်။*

# မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကြိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း

## Wall Street Journal အရှေ့တောင်အာရှဌာနခွဲမှ Bureau Chief Mr. Jon Patrick Barta အား လက်ခံတွေ့ဆုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း Wall Street Journal အရှေ့တောင်အာရှဌာနခွဲမှ Bureau Chief Mr. Jon Patrick Barta အား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် Wall Street Journal အရှေ့တောင်အာရှဌာနခွဲမှ Bureau Chief Mr. Jon Patrick Barta အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး၊ သမ္မတဦးစီးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းတို့နှင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဦးကိုကိုလှိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူ့အခွင့်အရေး၊ ပြုပြင်ပြောင်းလဲရေး၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားပြီး Wall Street Journal က သိလို၍ မေးမြန်းသမျှကို ပြန်လည်ဖြေကြားခဲ့သည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအား ပြည်ပဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းအား Euromoney Institutional Investor, Asia ၏ Chief Executive Officer Mr. Tony Shale နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ငွေရေးကြေးရေးကဏ္ဍတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)



# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၆-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ မျိုးမြိုးကြွကြွယဉ်ကျေးမှုအက
- ၈း၂၀ ၈။ "ပြည်တွင်းထုတ်ကုန် မုံ့ရှာချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ"
- ၈း၃၀ ၉။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၄း၃၀ ၄။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံခေတ်ပေါ် တေးဂီတ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရသာစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ သီချင်းကြီးပဒေသာ
- ၅း၂၀ ၈။ "ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"
- ၅း၂၅ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၃၅ ၁၀။ လူကုန်ကူးမှုတားဆီးကာကွယ် နှိမ်နင်းရေးဆောင်ရွက်ချက်များ (မူဆယ်ခရိုင်၊ မူဆယ်မြို့)
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ မြန်မာ့ဝေလေ့ရိုးရာလက်ဝှေ့
- ၆း၃၅ ၁၄။ ရွှေရင်ခုန်သံ
- ၇း၁၅ ၁၅။ ရောင်စုံရေးသီတေးပန်းချီ
- ၇း၃၀ ၁၆။ "မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ"
- ၇း၄၀ ၁၇။ မြန်မာ့ယဉ်ကျေးမှုအကအလှများ
- ၇း၄၅ ၁၈။ ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း (အပိုင်း-၄)
- ၈း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- **၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၇)**
- ၂၄။ မြန်မာဗီဒီယိုဇာတ်လမ်း "ချောတိုင်" (မင်းမော်ကွန်း၊စိုးမြတ်သူဇာ၊ ဝိုင်းစုခိုင်သိန်း၊ စိုးမိုးကြည်) (ဒါရိုက်တာ-အောင်ဗပါဝါ)
- ၂၅။ အစီအစဉ်ပြီး၏။

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၁၅**

ယနေ့ညနေ ၄ နာရီ ၄၈မိနစ် ၄၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၄၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

# စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း (MIEGA)က ကြီးမှူးကျင်းပသည့် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၆/၂၀၁၁)ကို နိုဝင်ဘာ ၁၉ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲတွင် ကမ္ဘာ့ရွာကြီး (Global Village) ခေါင်းစဉ်ဖြင့် ပါမောက္ခ ဦးညိုမောင်က ဟောပြောမည်ဖြစ်သည်။ ဟောပြောပွဲအတွက် Trust & Gain Co.,Ltd. က ပံ့ပိုးကူညီ၍ စီးပွားရေးပညာရပ်တွင် စိတ်ဝင်စားသူများ တက်ရောက်ကြရန် ဖိတ်ခေါ်ထားပြီး ဟောပြောပွဲအတွက် ဖုန်း-၀၉-၄၉၃၁၅၆၃၈ နှင့် ၀၉-၇၃၀၉၈၄၃၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ကုမ္ပဏီများမှတ်ပုံတင်မှု နေ့ချင်းပြီးဆောင်ရွက်ပေးနေ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ကုမ္ပဏီနှင့် အဖွဲ့အစည်းများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းများဆောင်ရွက်ပါက သတ်မှတ်စာရွက်စာတမ်းများပြည့်စုံလျှင် နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သတ်မှတ်စာရွက်စာတမ်းနှင့် တံဆိပ်ခေါင်းခွန်ဖိုး ငွေကျပ် ၅၂၀၀ ခန့် ကျသင့်ကြောင်း၊ ကုမ္ပဏီအသစ်များ လျှောက်ထားလာပါက သတ်မှတ်ချက်နှင့်ပြည့်စုံပါက ခြောက်လသက်တမ်းရှိ ခွင့်ပြုမိန့်လိုင်စင်ကို နေ့ချင်းပြီး ထုတ်ပေးကြောင်း၊ ဌာနမှလိုအပ်ချက်များ စိစစ်ခြင်း၊ နီးနွယ်သောဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက်များ တောင်းခံပြီး ရရှိလာပါက နီးစပ်ရာအစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြပြီး နှစ်နှစ်သက်တမ်းရှိ လိုင်စင်ကို ထုတ်ပေးကြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါက သတ်မှတ်စာရွက်စာတမ်းများအပြင် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားများပါ တစ်ပါတည်းတင်ပြလာပါက ပိုမိုလျင်မြန်ကြောင်း၊ ကုမ္ပဏီလိုင်စင်သက်တမ်းကို နှစ်နှစ်ထက်ပိုမို ခွင့်ပြုပေးနိုင်ရေးနှင့် အများပိုင်ကုမ္ပဏီများ ထူထောင်ခွင့်ရရှိရေးခွင့်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုက နိုဝင်ဘာ ၁၄ ရက်တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက်က အလက(၁၀) အင်းစိန် ရွာမအနောက်၌ ကျင်းပရာ ကျောင်းတက်မှန်ဆု ရှစ်နှစ်ဆက်တိုက်ရရှိသော အလယ်တန်းပြ ဆရာမ ဒေါ်ဆွေဆွေဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေယဉ်ဖြူ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုချီးမြှင့်စဉ်။**

(ပညာရေး)

# ဂေါက်သီးရိုက်အားကစားနည်း စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေခံသင်တန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် R& A Rules Limited (St. Andrews)တို့ ပူးပေါင်း၍ ဂေါက်သီးရိုက်အားကစားနည်းစည်းမျဉ်းစည်းကမ်းဆိုင်ရာ အခြေခံသင်တန်း (Introductory Rules School, Level-1)ကို ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ မြန်မာဂေါက်သီးရိုက်အသင်း(၉မိုင်၊ပြည်လမ်း)၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ R& A, Level-1 သင်တန်းကို အောင်မြင်ပြီးသော သင်တန်းသားများအား R & A, Level-2 သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် ဖုန်း-၀၉-၇၃၀၇၈၅၄၄နှင့် ၀၉-၂၀၃၇၆၇၁ တို့သို့ စာရင်းပေးသွင်းပြီး အသေးစိတ်အချက်အလက်များ စုံစမ်းမေးမြန်းနိုင်ကြသည်။

(သတင်းစဉ်)

# အင်ဒိုနီးရှားပြည်တွင်းလေကြောင်းလိုင်းများ လေယာဉ်မှူးအင်အားမလုံလောက်ဖြစ်နေ

ဂျကာတာ နိုဝင်ဘာ ၁၅

**အင်ဒိုနီးရှားနိုင်ငံ၌ မကြာသေးမီနှစ်များမှစ၍ ပြည်တွင်း လေကြောင်းလိုင်းများကို တိုးချဲ့ခဲ့သော်လည်း လေယာဉ်မှူးလေ့ကျင့်ရေး သင်တန်းကျောင်းများနည်းပါးခြင်းနှင့် လေယာဉ်မှူးများအားလေ့ကျင့်ပေးရာ၌ ကုန်ကျစရိတ်ကြီးလေးခြင်းတို့ကြောင့် လေယာဉ်မှူးအင်အားမလုံလောက်သည့် ပြဿနာကိုတွေ့ကြုံနေရကြောင်း ဂျကာတာပို့စ်သတင်းစာက နိုဝင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြသည်။**

အင်ဒိုနီးရှားနိုင်ငံ၌ ပြည်တွင်းလေကြောင်းလိုင်းများအတွက် လေယာဉ်မှူးလိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသဖြင့် ယင်းလေကြောင်းလိုင်းများအနေဖြင့် ယာယီအစီအစဉ်အရ နိုင်ငံခြားသားလေယာဉ်မှူးများကို ငှားရမ်းသုံးစွဲကြရန်နှင့် လေယာဉ်အင်အားတိုးချဲ့မှုများကို ဆိုင်းငံ့ထားကြရန် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီအကြီးအကဲ ဘော်ဘီမဟာသီက တိုက်တွန်းသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လေယာဉ်မှူးများအား မွေးထုတ်ပေးနိုင်မှုမှာ အကန့်အသတ်ဖြင့်သာဖြစ်သဖြင့် ပြည်တွင်းလေကြောင်းဌာနများအနေဖြင့် ပကတိအခြေအနေအရသာလျှင် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် တစ်နှစ်လျှင် လေယာဉ်မှူးအသစ် ၆၀၀ အထိလိုအပ်သည်။ အင်ဒိုနီးရှားနိုင်ငံ ဘန်တန်းပြည်နယ် တန်ဂါရန်မြို့ရှိ နိုင်ငံပိုင်မြို့ပြလေကြောင်းတက္ကသိုလ်နှင့် ပုဂ္ဂလိကပိုင် မြို့ပြလေကြောင်း သင်တန်းကျောင်းအချို့သည် တစ်နှစ်လျှင် လေယာဉ်မှူး ၂၀၀ အောက်သာ မွေးထုတ်ပေးနိုင်သည်။

၂၀၁၁ ခုနှစ် နှစ်လယ်အခြေပြစာရင်းအရ အင်ဒိုနီးရှား ပြည်တွင်းလေကြောင်းဌာနများ၌ အလုပ်လုပ်ကိုင်နေသော လေယာဉ်မှူး ၇၀၀၀ ခန့်ရှိသည်။ **ဆင်ဟွာ။**



လေယာဉ်မှူးလောင်းများ လေ့ကျင့်နိုင်ရန် ပျံသန်းမှုလေ့ကျင့်ရေး စက်ကိရိယာကို တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)



# အဆင့်မြင့် အဂ္ဂနိ-၄ တာဝေးပစ်ဒုံးကျည် အိန္ဒိယက အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်

နယူးဒေလီ နိုဝင်ဘာ ၁၅

အိန္ဒိယနိုင်ငံ၏ အဆင့်မြင့်တာဝေးပစ်ဒုံးကျည် အမျိုးအစားတစ်မျိုးဖြစ်သည့် အဂ္ဂနိ-၄ ဒုံးကျည်တစ်စင်းကို နိုဝင်ဘာ ၁၅ ရက်တွင် အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း အိန္ဒိယအစိုးရက ပြောကြားခဲ့သည်။ အဆိုပါ ဒုံးကျည်သည် အကွာအဝေး ၁၈၆၄ မိုင်အထိ ပစ်ခတ်နိုင်ပြီး နျူကလီးယားထိပ်ဖူးကို သယ်ဆောင်နိုင်စွမ်းရှိသည်ဟု ဆိုသည်။ **(အပေါ်ပုံ)**

အဆိုပါ အဂ္ဂနိ-၄ တာဝေးပစ်ဒုံးကျည်ကို အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဩရိဿပြည်နယ်ကမ်းလွန်ရှိ ဝှီးလားကျွန်း ဒုံးကျည်စမ်းသပ်ရေးစခန်းမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟု အိန္ဒိယအစိုးရသတင်းပြန်ကြားရေးဗျူရို၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယခုဒုံးကျည်စမ်းသပ်မှု၏ ရလဒ်သည် အိန္ဒိယ၏ ဒုံးကျည်နည်းပညာသက်တမ်းတစ်လျှောက်တွင် အကြီးအကျယ်တိုးတက်ပြောင်းလဲမှုဖြစ်သည်ဟု အိန္ဒိယအစိုးရက ပြောကြားသည်။

***အင်တာနက်။***

# အာဖဂန်နိုင်ငံလုံးဆိုင်ရာ ညီလာခံအတွင်း တာလီဘန်အဖွဲ့ အကြမ်းဖက်တိုက်ခိုက်နိုင်

ကဘူး နိုဝင်ဘာ ၁၅

အာဖဂန်နစ္စတန်နိုင်ငံ၌ မကြာမီကျင်းပမည့် နိုင်ငံလုံးဆိုင်ရာ ညီလာခံအတွက် အစိုးရက ရေးဆွဲထားသော လုံခြုံရေးအစီအစဉ်များနှင့် သက်ဆိုင်သည့် စာလွှာစာတမ်းများကို မိမိတို့ရရှိထားသည်ဟု တာလီဘန်အဖွဲ့က နိုဝင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။ သို့ရာတွင် ယင်းထုတ်ပြန်ကြေညာချက်ကို အစိုးရက ပယ်ချလိုက်ပြီး နိုင်ငံလုံးဆိုင်ရာညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များကို တာလီဘန်အဖွဲ့က အကြမ်းဖက်တိုက်ခိုက်နိုင်သည်ဟု သတိပေးလိုက်သည်။

မြို့တော်ကဘူး၌ ယခုလနှောင်းပိုင်း၌ ကျင်းပမည့် လိုရာဂျဂါး(ခေါ်) နိုင်ငံလုံးဆိုင်ရာ ညီလာခံအတွက် အစိုးရကရေးဆွဲထားသော လုံခြုံရေးအစီအစဉ်ကို မိမိတို့သိရှိထားပြီးဖြစ်ကြောင်း၊ ယင်းလုံခြုံရေးအစီအစဉ်နှင့် ပတ်သက်နေသော စာတမ်းများနှင့် မြေပုံများကို မိမိတို့ရရှိထားကြောင်း တာလီဘန်အဖွဲ့၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တာလီဘန်အဖွဲ့၏ အဆိုပါကြေညာချက်သည် လိမ်လည်ဖော်ပြချက်သာလျှင်ဖြစ်ပြီး မြို့တော်ကဘူးသို့ တာလီဘန်အဖွဲ့ဝင်များ စိမ့်ဝင်ထိုးဖောက်နိုင်ခြင်းမရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း အာဖဂန်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

# ပစိဖိတ်သမုဒ္ဒရာ မျက်နှာပြင်ပူနွေးမှုနှင့် အမေဇုန်သစ်တော မီးလောင်မှုများဆက်နွှယ်

လန်ဒန် နိုဝင်ဘာ ၁၅

အမေဇုန်သစ်တောဒေသ၏ တောမီးလောင်ကျွမ်းသောရာသီများသည် ပစိဖိတ်သမုဒ္ဒရာမျက်နှာပြင်၌ အပူချိန်မြင့်တက်လာမှုနှင့် ဆက်နွှယ်မှုရှိကြောင်း သုတေသနလေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ပစိဖိတ်သမုဒ္ဒရာ၌ အယ်လ်နီညိုရာသီဥတုပုံစံ ဖြစ်ပေါ်လာခြင်းနှင့် အမေဇုန်သစ်တော ဒေသအရှေ့ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ရပ်များနှင့် ဆက်စပ်မှုရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များ အဖွဲ့တစ်ဖွဲ့၏ သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

အတ္တလန္တိတ်သမုဒ္ဒရာ၏ ပင်လယ်မျက်နှာပြင်၌ အပူရှိန်မြင့်တက်မှုများသည် တောင်အမေရိကတိုက်၏ တောင်ပိုင်းဒေသများ၌ တောမီးလောင်ကျွမ်းမှုကို အားပေးစေနိုင်ကြောင်း၊ အယ်လ်နီညို ရာသီဥတုပုံစံကိုလေ့လာကာ တောမီးများလောင်ကျွမ်းနိုင်မှု အခြေအနေကို ခန့်မှန်းနိုင်ကြောင်း သိပ္ပံအမည်ရှိဂျာနယ်တွင် အဆိုပါသုတေသနလေ့လာချက်ကို ဖော်ပြထားသည်။

သုတေသီများသည် ပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်မျက်နှာပြင် ပိုမိုပူနွေးလာမှု (အယ်လ်နီညိုဖြစ်စဉ်)နှင့် ပင်လယ်မျက်နှာပြင်ပိုမိုအေးမြလာမှု(လာနီညာဖြစ်စဉ်)တို့ကို လေ့လာကာ ရာသီဥတုပြောင်းလဲမှုကို သုတေသနပြုလုပ်လျက်ရှိကြသည်။

**အင်တာနက်။**

# ပိုမိုသေးငယ်သော အီလက်ထရွန်နစ်ပစ္စည်းများ ဂရက်ဖိုက်သုံး၍ ထုတ်လုပ်နိုင်ရန်လေ့လာ

ဝါရှင်တန် နိုဝင်ဘာ ၁၅

ပိုမို၍ အရွယ်အစားသေးငယ်သော စမတ်ဖုန်းများ၊ တက်ဘလက်ကွန်ပျူတာများနှင့် အခြားသော အီလက်ထရွန်နစ်ကိရိယာများ ထုတ်လုပ်ရာ၌ ကြေးနီအစား ဂရက်ဖိုက်ကို အသုံးပြုနိုင်ရန် အမေရိကန်သုတေသနအဖွဲ့တစ်ဖွဲ့က လေ့လာလျက်ရှိကြကြောင်း အမေရိကန်သတင်းဌာနများက နိုဝင်ဘာ ၁၄ရက်တွင် သတင်းထုတ်ပြန်သည်။

**သုတေသနပြုဆဲ**

ခဲတံသို့မဟုတ် မီးသွေးတို့၌ တွေ့ရလေ့ရှိသော ဂရက်ဖိုက်ကို အသုံးပြု၍ အရွယ်အစား သေးငယ်သော အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် အမေရိကန်နိုင်ငံ ရန်ဆယ်လာပိုလီတက်ခနစ် တက္ကသိုလ်မှ အိန္ဒိယနွယ်ဖွားသိပ္ပံပညာရှင်တစ်ဦး ဦးဆောင်သောအဖွဲ့က သုတေသနပြုလုပ်လျက်ရှိသည်။

ယခု သုတေသန ပြုလုပ်ချက်သည် အောင်မြင်ပါက အနာဂတ်ကာလတွင် အီလက်ထရွန်နစ် ပစ္စည်းများအားလုံးနီးပါး ထုတ်လုပ်မှုတွင် ကြေးနီ၏အရေးပါမှု ကျဆင်းသွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မျိုးဆက်သစ် ကွန်ပျူတာ မှတ်ဉာဏ်ပြား(ချစ်)သည် အရွယ်အစားအရ ပိုမိုသေးငယ်လာနေကြောင်း၊ ဂရက်ဖိုက်သည် လျှပ်စစ်ဓာတ်အားနှင့် သတင်းအချက်အလက်များ ပေးပို့ရာ၌ ကြေးနီ၏နေရာတွင် အစားထိုးဝင်ရောက်လာဖွယ်ရှိကြောင်း သုတေသနအဖွဲ့က ပြောကြားသည်။

**အင်တာနက်။**




**အေတီအင်န်တီကုမ္ပဏီက ထုတ်လုပ်သော စမတ်ဖုန်း အမျိုးအစားသစ်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# သောင်တင်နေသော ဝေလငါးနှစ်ကောင်ကို ကယ်တင်ရန် ဩစတြေးလျ၌ ကြိုးပမ်း

ဆစ်ဒနီ နိုဝင်ဘာ ၁၅

ဩစတြေးလျနိုင်ငံ တက်စမေးနီးယားဒေသရှိ ပင်လယ်ကမ်းခြေ၌ သောင်တင်နေသော ဝေလငါး နှစ်ကောင်ကို ကယ်တင်နိုင်ရန် ကယ်ဆယ်ရေးလုပ်သားများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သစ်တောဥယျာဉ်များနှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးဌာနက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

တက်စမေးနီးယားဒေသ အနောက်မြောက်ပိုင်းပင်လယ်ကမ်းရိုးတန်း၌ စပမ်းအမျိုးအစား ဝေလငါး ၂၂ ကောင် သေဆုံးမှုဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် အသက်ရှင်သန်နေသေးသော ရောမ ဝေလငါးနှစ်ကောင်ကို ကယ်တင်နိုင်ရန် အဏ္ဏဝါဆိုင်ရာ နို့တိုက်သတ္တဝါ ကျွမ်းကျင်သူပညာရှင်များ အဖွဲ့တစ်ဖွဲ့က ကြိုးပမ်းလျက်ရှိသည်။ **အင်တာနက်။**

# တရုတ်နိုင်ငံမြောက်ပိုင်းတွင် အအေးလှိုင်း ကျရောက်

ပေကျင်း နိုဝင်ဘာ ၁၅

တရုတ်နိုင်ငံမြောက်ပိုင်း၌ အအေးလှိုင်းဖြတ်သန်းမှုနှင့် အတူ လေပြင်းတိုက်ခတ်ခဲ့ပြီး ဒေသအချို့၌ အပူချိန် ၁၀ ဒီဂရီ ဆဲလ်စီးယပ်စ် ထပ်မံကျဆင်းခဲ့ကြောင်း မိုးလေဝသဌာန တာဝန်ရှိသူများက ပြောကြားကြသည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများ၌ အအေးလှိုင်းကျရောက်ခဲ့ပြီး ဆီးနှင်းကျဆင်းမှုနှင့် မိုးရွာသွန်းမှုတို့ နိုဝင်ဘာ ၁၃ ရက်က ဖြစ်ပေါ်ခဲ့ကြောင်း အမျိုးသားမိုးလေဝသဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများ၌ အပူချိန်ကျဆင်းမှုဆက်လက်ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ ဒေသအချို့၌ ၁၂ ဒီဂရီ ဆဲလ်စီးယပ်စ် အပူချိန် ထပ်မံကျဆင်းခဲ့သည်။ တရုတ်နိုင်ငံ မြောက်ပိုင်းဒေသများ၊ မြစ်ဝါမြစ်နှင့် ဟွာဟဲမြစ်တို့ဆုံရာဒေသတို့တွင် အအေးလှိုင်း ဖြတ်သန်းလျက်ရှိသည်။ **ဆင်ဟွာ။**

# ရီယိုမြို့ ပျံကျရပ်ကွက် ဘရာဇီးတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်း

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၁၅

ဘရာဇီးတပ်ဖွဲ့ဝင် ၃၀၀၀ကျော်သည် သံချပ်ကာကားများနှင့်အတူ နိုင်ငံ၏ အကြီးဆုံးပျံကျ ဆင်းရဲသားရပ်ကွက်အတွင်းသို့ နိုဝင်ဘာ ၁၃ ရက် နံနက်အရုဏ်မတက်မီ ဝင်ရောက်စီးနင်းခဲ့သည်။

လက်နက်ကိုင် မူးယစ်ဆေးဝါးဂိုဏ်းများ ဆယ်စုနှစ်ပေါင်းများစွာ မင်းမူခဲ့သော အဆိုပါဆင်းရဲသားရပ်ကွက်ကို လျင်မြန်စွာ ထိန်းချုပ်နိုင်ခဲ့သည်။

ရိုစင်ဟာရပ်ကွက်ကို ဝင်ရောက်စီးနင်းခြင်းသည် ၂၀၁၆ ခုနှစ် အိုလံပစ်အားကစားပွဲတော် နှင့် ၂၀၁၄ခုနှစ် ကမ္ဘာ့ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ရီယိုမြို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းမပြုမီ လုံခြုံရေးပိုမိုကောင်းမွန်စေရန် ဆောင်ရွက်နေမှုဖြစ်သည်။

ရီယိုမြို့ဆင်းရဲသားရပ်ကွက် အေးချမ်းငြိမ်သက်ရေး အစီအစဉ်ရေးဆွဲသူများ၏ အကြီးအမှူးနှင့် ပြည်နယ်လုံခြုံရေး အကြီးအကဲဖြစ်သူ ဂျို့စ်မာရီယာနိုဘဲလ်ထရာမီက အဆိုပါ စီးနင်းမှုသည် အောင်မြင်မှုရရှိကြောင်း၊ ရီယိုမြို့၏ အဓိကနေရာများကို မူးယစ်ရာဇာများက ကြီးစိုးနေခြင်းအား ဖြိုခွင်းရာတွင် ကြီးမားသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြို့တော် ရီယိုဒီဂျနေးရိုးတွင် ဆင်းရဲသားပျံကျရပ်ကွက် ပေါင်း ၁၀၀၀ကျော်ရှိ၍ မြို့နေလူထု ခြောက်သန်း၏ သုံးပုံ တစ်ပုံမှာ ယင်းရပ်ကွက်များတွင် နေထိုင်လျက်ရှိကြသည်။

ရိုဆင်ဟာရပ်ကွက်ကို ထိန်းချုပ်နိုင်ရန်အတွက် မိနစ် ၉၀ မျှသာကြာကြောင်း အာဏာပိုင်များကပြောသည်။ တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါးဂိုဏ်းများကြီးစိုးသော အိမ်နီးချင်း ဗီဒီဂေါလ် ပျံကျရပ်ကွက်ကိုလည်း ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းခဲ့သည်။ **အင်တာနက်။**



**ဘရာဇီး နိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ ပျံကျ ရပ်ကွက် အတွင်း ဝင်ရောက် စီးနင်း ရှင်းလင်းနေသည့် လုံခြုံရေး တပ်ဖွဲ့ဝင် များအား တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဩစတြေးလျနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးအောင်မြင့်နှင့် ဒေါက်တာဒေါ်မြင့်မြင့်ကြည်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ရွေးကောက်ပွဲဆိုင်ရာကိစ္စများနှင့် နိုင်ငံရေးပါတီဆိုင်ရာကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)



**လာရောက်တွေ့ဆုံ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချနိုင်မည့် နည်းလမ်းများရှာဖွေ

နေပြည်တော် နိုဝင်ဘာ ၁၅

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ Control Room မှ Computer System ဖြင့် ဓာတ်အားပေးစက်များ လည်ပတ်မောင်းနှင်နေမှုနှင့် ဓာတ်အားထိန်းချုပ်ပို့လွှတ်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပေးစက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသော စွန့်ပစ်ပစ္စည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မြှင့်တင်ရေးဆပ်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေး (၂/၂၀၁၁)အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

ထို့နောက် ဆပ်ကော်မတီအဖွဲ့ဝင်များနှင့် အခြားဖိတ်ကြားထားသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန် ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ဆပ်ကော်မတီ၏ ရည်မှန်းချက်တာဝန် (၉)ရပ် မူကြမ်းအား အတည်ပြုနိုင်ရေး အပြန်အလှန် ဆွေးနွေးတင်ပြသွားကြရန်၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်သည်အထိ နည်းပညာအစီအမံများ ရှာဖွေတင်ပြသွားကြရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချနိုင်မည့် နည်းပညာအစီအမံများနှင့် နည်းလမ်းများ ရှာဖွေတင်ပြဆောင်ရွက်သွားကြရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေစွမ်းအင်၊ လေစွမ်းအင်၊ အသေးစားနှင့် အလတ်စား ရေအားလျှပ်စစ် တည်ဆောက်အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းစဉ်များကို နည်းပညာပိုင်း ကူညီပေါင်းစပ်ဆောင်ရွက်သွားကြရန်နှင့် တွေ့ရှိချက် နည်းပညာများကို ဆပ်ကော်မတီသို့ တင်ပြဆွေးနွေးသွားကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် စွန့်ပစ်ပစ္စည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မြှင့်တင်ရေး ဆပ်ကော်မတီ ဒုတိယအကြိမ် အစည်းအဝေး (၂/၂၀၁၁) အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# အခမဲ့စာရင်းကိုင်ပညာသင်တန်းများ တက်ရောက်နိုင်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ စာရင်းကိုင်များအသင်းက ဒီဇင်ဘာလတွင် အကြိမ်(၂၄၀) မြောက် စာရင်းကိုင်သင်တန်းနှင့် (၁၅၂)ကြိမ်မြောက် ဒုတိယအဆင့် စာရင်းကိုင်ပညာသင်တန်းများကို အခမဲ့ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

အကြိမ်(၂၄၀)မြောက် စာရင်းကိုင်သင်တန်းကို လုပ်ငန်းခွင်ဝင်ရောက်နေသူများ အဆင်ပြေစေရန် (တနင်္ဂနွေ) တစ်ရက်တက်သင်တန်းနှင့် (စနေ၊ တနင်္ဂနွေ) နှစ်ရက်တက်သင်တန်းဟူ၍ ခွဲခြားဖွင့်လှစ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံစာရင်းကိုင်များအသင်းသည် ၁၉၃၇ ခုနှစ်မှစ၍ စာရင်းပညာ (မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ) အခမဲ့သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားလာခဲ့ရာ ယခုအခါ (၇၅)နှစ် စိန်ရတုအခါသမယ ပြည့်မြောက်တော့မည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံစာရင်းကိုင်များအသင်း အမှတ်(၉၁/၉၃) (၄၉)လမ်း (အလယ်ဘလောက်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၈၂၆၊ ၀၉-၅၀၁၉၉၇၉ နှင့် ၀၉-၅၄၁၀၉၀၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

(သတင်းစဉ်)

# တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့ ထားဝယ်-ကမြောကင်းတံတားလမ်း မိုင်တိုင်အမှတ်(၀/၄)နှင့် (၀/၅)အကြား၌ အကျယ် ၁၈ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂ ရက်က ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာဦးကျော်ဆန်းနှင့် အင်ဂျင်နီယာမှူးကြီး ဦးခင်သက်**(အောက်ပုံ)**တို့က ကတ္တရာခင်းပြီးလမ်းအပိုင်းနှင့် လမ်းသားမြှင့်တင်ရမည့်အပိုင်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာဦးကျော်ဆန်းက မှာကြားသွားကြောင်း သိရသည်။

(၄၇၃)

## ထူးခြားသည့် ညအပူချိန်

(၁၅-၁၁-၂၀၁၁)

ပင်လောင်း ၅ ဒီဂရီစင်တီဂရိတ်

**မှတ်သားဖွယ်ရာ မိုးရေချိန်**

ကိုကိုးကျွန်း

သုည ဒသမ ၆၇ လက်မ

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

(၁၅-၁၁-၂၀၁၁)

မြန်မာနိုင်ငံ

အရှေ့ပိုင်းဒေသများတွင်

ညအပူချိန်များ

အနည်းငယ်လျော့နည်းနိုင်သည်။

# ပဲခူး အထက(၄) အာစရိယပူဇော်မည်

**ပဲခူး နိုဝင်ဘာ ၁၅**

၁၉၇၇ ခုနှစ်မတိုင်မီ ပဲခူးမြို့အထက(၄) ယခင်(B.B.M) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၈ နာရီတွင် ပဲခူးမြို့ ဗန္ဓုလလမ်း အလက(၆) ပဲခူးသီရိရတနာခန်းမ(ယခင် အထက-၄ ပဲခူး) တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ရန်ကုန်မှ ဦးစိုးကြင် ဖုန်း-၃၈၃၃၃၉၆၊ ၀၉-၅၀၁၁၂၃၃၊ ဦးယဉ်ထွေးသက် ဖုန်း-၀၅၅၀၁၂၉၄၄၊ ဒေါ်ခင်စန်းတင့် ဖုန်း-၂၄၆၆၀၆၊ ပဲခူးမြို့ ဆရာမ ဒေါ်ကျင်ငွေး ဖုန်း-၂၄၄၁၀၊ ဦးစိန်ဝင်း (ချမ်းမြ) ဖုန်း-၂၂၀၅၉၊ ဦးအင်စိမ်း ဖုန်း-၂၃၂၅၂၊ ဦးခင်မောင်တွတ် ဖုန်း-၀၉-၄၉၄၄၄ ၃၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၃၂)



**သယ်နိုးကျွန်း မြို့နယ်မီးသတ် ဦး စီး မှူး ဦးညဏ်ထွန်း၊ မြို့နယ် အရန်မီးသတ် ဒုတိယ တပ် ရင်း မှူး ဦးခင်မောင်ထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ (ခ) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်စိုး နှင့် အဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၁၂ ရက်က (ခ) ရပ် ကွက် ၌ မီးဘေး ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း စစ်ဆေးကြစဉ်။** (၅၀၆)

# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ဦးဖုန်းဇော်သည် နိုဝင်ဘာ ၁၃ ရက်က သန်လျင်ဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် ၁၅၇ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ် ၁၃ သို့ Srixon soft feel No.1ဘောလုံးကို Maruman Iron No.9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးမျိုးအောင်(ငြိမ်း)၊ ဦးဝင်းနိုင်၊ ဦးရဲကျော်ညွန့်၊ ဦးကျော်နိုင်ဦးတို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။

(၅၂၇)





# ပျဉ်းမနားမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြော

**နေပြည်တော် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၏ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးစီမံချက်အရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ရန်အောင်(၁)ရပ်ကွက် မဟာဝိသုတာရာမ တံခွန်တိုင် ဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံ၌ကျင်းပခဲ့ရာ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်တင့်နှင့် တာဝန်ရှိသူများ၊ မော်တော်ဆိုင်ကယ်ကယ်ရီပြေးဆွဲမောင်းနှင်သူ စုစုပေါင်း ၃၉၀ တက်ရောက်ခဲ့သည်။

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းမြင့်က ယာဉ်မတော်တဆဖြစ်ပွားရခြင်းအကြောင်းအရင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ဒဏ်ရာရသေဆုံးမှုဆေးရေးအမှတ်အသား၊ မော်တော်ဆိုင်ကယ်စီးနင်းသူ၊ ခြေကျင်လျှောက်သူ၊ လမ်းအသုံးပြုသူများ လိုက်နာရမည့်အချက်များ၊ အနေးယာဉ်များ လိုက်နာရမည့်အချက်များ၊ အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်း နည်းစနစ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဗာတ်လမ်းတိုများကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျေးလက်ဒေသဖွံ့ဖြိုးရေး နို့စားနွားတွေ တိုးချဲ့မွေး

မောင်အောင်(မွေး/ကု)

အမေ့ရွာသို့ မရောက်တာကြာ၍ ပြီးခဲ့သည့်စနေနေ့က ကျွန်တော်ရောက်ဖြစ်သည်။ စရောက်လျှင်ရောက်ချင်း ဦးကြီးဖြစ်သူ၏ မေးခွန်းတို့ကလည်း တစ်ပုံတစ်ပင်။

"အေး မောင်အောင် လာကွာ ထိုင်။ ငါ့တူကြီးတောင် မတွေ့ရတာကြာတော့ နည်းနည်းပိန်သွားသလိုပဲ။ ဘယ်တွေသွားနေပြီး ဘာတွေလုပ်နေသလဲ"

"တော့်နှယ်တော်၊ မောင်အောင်ဖြင့် မထိုင်ရသေးဘူး။ မေးလိုက်တဲ့ မေးခွန်းတွေက"

အရီးနွဲ့က ဦးကြီးကို အငေါ်တူးလိုက်သည်။ တောသူတောင်သားများ အေးအေးဆေးဆေး နေတတ်တာတော့ မှန်သော်လည်း ကျွန်တော့်ဦးကြီးကတော့ ကျွန်တော်ရောက်လာလျှင် ခေါင်းစဉ်ကလေးတစ်ခုကိုတော့ ဦးတည်၍ မေးတတ်စမြဲ။ ဆွေးနွေးတတ်စမြဲ။

"ကျွန်တော်လည်း နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်ဖို့ကိစ္စတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှု လျှော့ချရေးအတွက် အစုအဖွဲ့တွေ စုဖွဲ့တဲ့ကိစ္စ၊ တိုးတက်ဖို့ ကိစ္စတွေနဲ့ အလုပ်များနေတာ ဦးကြီးရဲ့"

"အေး ကောင်းတယ်ကွ။ ငါ့တူတို့အလုပ်က **"ကုသိုလ်လည်းရ ဝမ်းလည်းဝ"** ကွ။ အစိုးရနဲ့ နိုင်ငံ့ဝန်ထမ်းတွေ ဦးစီးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေလုပ်တယ်။ ဒို့ကျေးရွာကလူတွေ ချမ်းသာအောင်လုပ်ပေးတယ်ဆိုတော့ တကယ်ကောင်းတဲ့ အလုပ်ပဲ။ တကယ်ကုသိုလ်ရမယ့်ကိစ္စပဲ"

"ဟုတ်ပဲ့တော်" အရီးနွဲ့က ဆေးပေါ့လိပ်ကြီးကို မီးညှိရင်း ထောက်ခံသည်။

"အများကောင်းကျိုးလုပ်တယ်ဆိုတာ လူချမ်းသာနတ်ချမ်းသာဖြစ်မယ့် ကိစ္စပဲကွ။ ကဲပြောစမ်းပါဦး၊ နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးဖို့ကိစ္စ ဘယ်ဘက်တွေသွားခဲ့သလဲ။ ဘာတွေလုပ်ခဲ့သလဲ"

"ပြီးခဲ့တဲ့အပတ်ထဲကတော့ မိတ္ထီလာခရိုင်ကို သွားခဲ့တယ်ဦးကြီးရဲ့။ မိတ္ထီလာမှာက နို့စားနွားကောင်ရေအတော်လေးများတယ်။ တစ်မြို့လုံးဆိုရင် အကောင်ရေ တစ်သောင်းလောက်တောင်ရှိတယ်။ မိတ္ထီလာမှာရှိတဲ့ ညောင်ကိုင်း၊ ဖလန်ကျင်း၊ တောမနဲ့ ထမုန်ကန်ရွာတွေမှာ နွားမွေးမြူရေး အစုအဖွဲ့တွေ ဖွဲ့ပေးတယ်။ အဲဒီအစုအဖွဲ့တွေရဲ့ လိုအပ်ချက်၊ အဓိကကတော့ အစာ၊ နွားစာ၊ နွားစာဈေးနှုန်း လျှော့ကျဖို့၊ နွားနို့ဈေးတိုးပြီးရဖို့ ဆွေးနွေးပေးတယ်။ ညှိနှိုင်းပေးတယ်"

"နွားနို့ဈေးနှုန်းနဲ့ နွားအစာဈေးနှုန်းကရော ဘယ်လိုရှိသလဲ။ လွန်ခဲ့တဲ့ သုံးလလောက်က ကျောက်ဆည်က မြထွန်းဆီကတောင် စာလာသေးသကွာ။ သူတို့ဆီမှာတော့ လုပ်တုန်းကိုင်တုန်း ရုန်းကန်နေရတုန်းပဲတဲ့"

ဦးကြီးက ကိုယ့်တူမို့ ပွင့်ပွင့်လင်းလင်းမေးခြင်းဖြစ်သည်။ ကျွန်တော့်မှာလည်း ဒီမေးခွန်းတွေ ဖြေပေးချင်ပါသည်။

"မိတ္ထီလာကအဖွဲ့တွေကတော့ နို့စားနွားကို အဓိက ဝါစေ့ဖတ်ကျွေးတယ်။ ပဲနှစ်ကျွေးတယ်။ ပဲခွံကျွေးတယ်။ ဝါစေ့ဖတ်က တစ်ပိဿာ ငွေကျပ် ၃၀၀ဈေး၊ ပဲနှစ်က ငွေကျပ် ၄၀၀၊ ပဲခွံက ငွေကျပ် ၁၆၀၊ သူတို့ တောင်သူတွေအပြောအရတော့ ဝါစေ့ဖတ် ဈေးရဲ့ နှစ်ဆ နွားနို့ဈေးရရင် နို့စားနွားမွေးတာလုံးဝမရှုံးဘူး။ ဆိုလိုတာက အခု ဝါစေ့ဖတ်က တစ်ပိဿာ ငွေကျပ် ၃၀၀ဈေး လက်လီပေါက်တယ်ဆိုရင် နို့တစ်ပိဿာ ငွေကျပ်၆၀၀ဈေးရရင်မရှုံးဘူး။ ဒီထက်တိုးရရင်မြတ်မယ်"

"မိတ္ထီလာမှာ နို့ဈေးဘယ်လောက်ရှိသလဲ"

"မိတ္ထီလာမှာက အဓိကနို့ချက်စက်ရုံကြီးနှစ်ရုံရှိတယ်။ ဝင်းဝင်းတောမနဲ့ ဝင်းမေတ္တာပဲ။ အဲဒီ နို့ချက်စက်ရုံကြီးတွေက တစ်နေ့ကို နို့ပိဿာချိန် ၂၀၀၀ နဲ့ ၃၀၀၀ ကြားကို ချက်နို့ဆီချက်တယ်။ သူတို့က ရွာမှာလိုက်ပြီး နို့ညှစ်ယူရင် နို့တစ်ပိဿာ ငွေကျပ် ၅၃၀ဈေး၊ စက်ရုံအရောက်လာပို့လျှင် ငွေကျပ် ၆၃၀ ဈေးပေးတယ်။ အပြင်မှာ၊ ဈေးမှာ လက်လီရောင်းတာတော့ ဒီထက်ဈေးပိုပြီးရကြတယ်။ အဲ ဒါပေမယ့် များများဝယ်တာမရှိဘူး။ ဈေးမတည်ငြိမ်ဘူး။ ပြီးတော့ နွားနို့ဆိုတာကလည်း အထားမခံတော့ ရေရာသေချာတဲ့ နို့ချက်စက်ရုံတွေကိုပဲ သွင်းရတာ"

"ဒီတော့ မင်းတို့ဌာနက တို့တောင်သူတွေအတွက် ဘာလုပ်ပေးသလဲ" ဦးကြီး၏အမေးက ဟောဟောဒိုင်းဒိုင်းရှိလှသည်။

"ကျွန်တော် စောစောကပြောပြီးပါကော ဦးကြီးရယ်။ ကျွန်တော်တို့က မွေးမြူရေးသမား အစုအဖွဲ့တွေစုဖွဲ့တယ်။ ဒီလိုစုဖွဲ့တာက တစ်ယောက်ချင်း နှစ်ယောက်ချင်းဆိုရင် နွားကနည်းတယ်။ နို့ရတာနည်းတယ်။ လေးငါးဆယ်ယောက်စုဖွဲ့ထားတော့ အနည်းဆုံး နို့ပိဿာ ၄၀-၅၀ ရမယ်။ အဲဒီတော့ စက်ရုံကို တစ်ဦးချင်း သွားပို့မယ့်အစား အဖွဲ့အနေနဲ့ပို့မယ်။ ပြီးတော့ နွားစာနည်းနည်းဝယ်ရင် ဈေးကြီးတယ်။ အစုအဖွဲ့က ငွေစုထားပြီး နွားစာစုပေါင်းပြီးဝယ်တော့ လက်ကားမို့ ဈေးသက်သာတယ်။ သယ်ယူစရိတ် ကားခလည်း စုပေါင်းပြီးတော့ ကျခံတော့ အကုန်အကျသက်သာတာပေါ့။ ဒါက အစုအဖွဲ့စုဖွဲ့ထားလို့ရလာတဲ့ အကျိုးအမြတ်ပဲ"

"ဒါ့အပြင် ဦးကြီး စောစောကမေးတဲ့ ကျွန်တော်တို့ဌာန ဘာလုပ်ပေးသလဲဆိုရင် အဲ့ဒီလို အစုအဖွဲ့တွေစုဖွဲ့ပြီး အကျိုးအမြတ်ရအောင် ဖန်တီးပေးတဲ့အပြင် စောစောက နို့ချက်စက်ရုံကြီးတွေနဲ့ ညှိပေးတယ်။ သူတို့ဆီမှာ ရောင်းပေးနေတဲ့ အစာကိုဈေးလျှော့ပြီးရောင်းပေးဖို့၊နွားနို့ကို ဈေးတိုးပြီးပေးဖို့"

"မင်းတို့ ညှိနှိုင်းပေးတိုင်း သူတို့ကရော လက်ခံပါ့မလား။ လက်ခံရဲ့လား"

ကျွန်တော့်ဦးကြီးက လက်တွေ့သမား၊ ကျွန်တော်ပြောတိုင်း မယုံ၊ ယုံသင့်မှယုံသူဖြစ်သည်။

"လက်ခံတာပေါ့ ဦးကြီးရယ်၊ နားလည်အောင်တော့ ကျွန်တော်တို့က ရှင်းပြရတာပေါ့။ ဒီနို့ချက်စက်ရုံကြီး တည်ထားတာ ဒီလူတွေရှိနေလို့၊ ဒီပတ်ဝန်းကျင်က နွားတွေ ရှိနေလို့ ယခုလိုအောင်မြင်နေတာ။ အဲဒီတော့ ကိုယ်တစ်ယောက်တည်း ရပ်တည်လို့ မရဘူး။ အားလုံးမျှတပြီး ဆောင်ရွက်ကြမှ ရေရှည်အောင်မြင်မှာပေါ့လေ။ အဲ ပြီးတော့ ဒီနို့ချက်စက်ရုံထောင်ထားတဲ့ လူတွေကိုယ်တိုင်ကလည်း အခြေခံကစပြီး တက်လာကြတဲ့လူတွေဆိုတော့ ကိုယ်ချင်းစာတတ်ကြပါတယ်။ စေတနာကောင်းကြပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလကဆိုရင် ဒီနို့ချက်စက်ရုံ နှစ်ရုံက ဝါစေ့ဖတ် အပြင်ပေါက်ဈေး ငွေကျပ် ၃၀၀ ကို ငွေကျပ် ၂၈၀ ဈေးနဲ့ ရောင်းပေးတယ်။ ပဲနှစ် ငွေကျပ် ၄၀၀ ဈေးကို ငွေကျပ် ၃၇၀ ဈေးနဲ့ ရောင်းပေးတယ်။ ပဲခွံ ငွေကျပ် ၁၆၀ ဈေးကို ငွေကျပ် ၁၄၀ ဈေးနဲ့ ရောင်းပေးတယ်။ သူတို့ရောင်းပေးတာတွေကို ပြန်ပြီးတွက်ရင် အဲဒီ ၂၀၁၁ ခုနှစ် အောက်တိုဘာလ တစ်လတည်းမှာ တောင်သူတွေ ငွေကျပ် ၆၀၀၀၀၀ ကျော်လောက် သက်သာသွားတာကို တွေ့ရတယ်။ ဒါ့အပြင် နွားနို့ဈေးလည်း ပိုပြီးတိုးပေးဖို့ ကျွန်တော်တို့ ညှိနေကြတယ်။ အခြေအနေကောင်းမှာပါ"

ကျွန်တော်အရှည်ကြီးရှင်းပြလိုက်ရ၍ အေးနေပြီဖြစ်သည့် ရေနွေးခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်မိသည်။

"အေးကွာ ဝမ်းသာပါတယ်။ မင်းအခုလိုရှင်းပြတော့လည်း တို့နွားမွေးသမား တောင်သူတွေအတွက် ဘာပဲပြောပြော စိတ်ချမ်းသာစရာပါပဲ။ ဒါပေမယ့်လည်း ကျောက်ဆည်တို့၊ စစ်ကိုင်းတို့ဘက်ကလူတွေကော ဘယ်လိုအခြေအနေရှိသလဲ"

"ကျွန်တော်တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တစ်ပြည်လုံးမှာ ရှိတာပါ ဦးကြီးရာ။ မိတ္ထီလာတစ်ခုတည်း လုပ်ပေးတာမဟုတ်ပါဘူး။ ကျောက်ဆည်မှာရော၊ စဉ့်ကိုင်မှာရော၊ မတ္တရာမှာရော အစုအဖွဲ့တွေဖွဲ့ပေးတယ်။ ပြီးတော့ အဲဒီနေရာတွေမှာ နို့ဆီချက်တဲ့ မြဘုရင်တို့၊ ရွှေငွေငွေတို့၊ ဒေရီကွင်း (Dairy Queen) တို့ နို့ချက်စက်ရုံကြီးတွေနဲ့ စောစောကလိုပဲ ညှိပေးတယ်။ အဲဒါကြောင့် ဦးကြီးစိတ်ချပါ။ နို့စားနွားမွေးမြူရေးသမားတွေ အဆင်ပြေအောင်၊ တိုးတက်အောင် ကျွန်တော်တို့ လုပ်ပေးမှာပါ"

"အေး ထားပါတော့ကွာ။ ဒါကလက်ရှိမွေးနေတဲ့လူတွေ အဆင်ပြေဖို့၊ ဖွံ့ဖြိုးဖို့၊ အဲ ဒါပေမယ့် ငါစာစောင်တစ်စောင်မှာ တွေ့မိတယ်။ စီးပွားရေးသတင်းဂျာနယ်လို့ပဲ ထင်တယ်။ နာမည်ကတော့ အင်္ဂလိပ်လိုရေးထားတော့ ကောင်းကောင်းအသံမထွက်တတ်ဘူး။ အဲဒီဂျာနယ်မှာ အပတ်တိုင်း အပတ်တိုင်း တို့တိုင်းပြည်ကို နို့ဆီတွေ၊ နို့စိမ်းတွေ၊ နို့မှုန့်တွေ နိုင်ငံခြားက တင်သွင်းနေရတယ် ဆိုပါကလား။ ဒီ အောက်တိုဘာလ ၃၁ ရက်နေ့ထုတ်တဲ့ စာစောင်မှာ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကနေ အောက်တိုဘာလ၁၉ရက်မှ၂၅ရက်အထိ အမေရိကန်ဒေါ်လာ၂၇၀၄၈ ဒေါ်လာတန်ဖိုးရှိ လိပ်ပြာနှစ်ကောင်တံဆိပ်နို့မှုန့် ၉ တန်ခွဲ၊ ကော့သောင်း နယ်စပ်ကတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၁၈၀၀ တန်ဖိုးရှိ နို့ဆီ ၃၄ တန်နှင့် အမေရိကန်ဒေါ်လာ ၄၅၄၂၀ တန်ဖိုးရှိ နို့စိမ်း ၄၈ တန် တင်သွင်းတယ်လို့ ရေးထားပါလား။ အဲဒီတော့ နိုင်ငံခြားက နို့မှုန့်တွေ၊ နို့ဆီတွေ၊ နို့စိမ်းတွေ တင်သွင်းမှ မင်းတို့၊ ငါတို့ နို့မှုန့်၊ နို့ဆီစားရမှာလား။ တို့နိုင်ငံကရော ထုတ်လို့မရဘူးလား။ အခုမထုတ်သေးဘူးလား။ အဲဒီလိုထုတ်နိုင်အောင်ရော မင်းတို့မကြိုးစားဘူးလား။ ကိုယ့်တူမို့ ကိုယ်မေးတာပါကွာ။ မင်းတို့၊ ငါတို့တစ်တွေ လုပ်ဖို့တော့ အများကြီးလိုသေးတယ်"

ဦးကြီးနှင့်ကျွန်တော်၏ စကားဝိုင်းက ဇာတ်ရှိန်မြင့်လာပါသည်။ ဇာတ်၏ အထွတ်အထိပ်ကိုရောက်အောင် ဦးကြီးက ဆွဲခေါ်လာချေပြီ။

"ဦးကြီး၊ ဦးကြီးပြောတဲ့ နို့ဆီ၊ နို့မှုန့်၊ နို့စိမ်း ကျွန်တော်တို့ အခုထုတ်နိုင်ပါတယ်။ လောက်အောင်ထုတ်ဖို့ ကြိုးစားနေပါတယ်။ ကျွန်တော်တို့ မြန်မာတစ်ပြည်လုံးမှာ ချက်နို့ဆီရုံ ၃၀၀ လောက်ရှိပြီး တစ်နေ့ကို ချက်နို့ဆီ ပိဿာ ၆၀၀၀၀ ကျော် ထုတ်လုပ်နေပါတယ်။ ဘူးနို့ဆီအနေနဲ့ကတော့ မြဘုရင်နဲ့ ဒေရီကွင်းက ထုတ်လုပ်နေတာရှိပါတယ်။ ဒါ့အပြင် နို့မှုန့်အနေနဲ့ နန်းဝေ၊ မြဘုရင်နဲ့ ဒေရီကွင်းက နို့မှုန့်ထုတ်လုပ်တာတော့ရှိပါတယ်။ ထုတ်လုပ်တဲ့ စရိတ်နဲ့ ပြန်ရောင်းရမည့်ဈေးနှုန်း ကွာခြားမှုတွေရှိနေတာကြောင့် များများမထုတ်လုပ်နိုင်သေးတာ၊ များများထုတ်လုပ်မှ ထုတ်လုပ်မှုစရိတ်လျှော့ကျပြီး များများရောင်းနိုင်မှာ။ အဲဒီတော့ ထုတ်လုပ်မှုစရိတ် လျှော့ချဖို့ကို ကျွန်တော်တို့ နည်းပညာပိုင်းရော၊ ဆွေးနွေးညှိနှိုင်းတဲ့အပိုင်းရော အများကြီးလုပ်နေပါတယ်။

"အထူးသဖြင့် နို့စားနွား မွေးမြူရေးနဲ့ နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော်တို့ အိန္ဒိယ ပညာရှင်တွေ၊ ကမ္ဘာ့စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့က ပညာရှင်တွေခေါ်ပြီး အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်နေပါတယ်။ ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် တရုတ်တို့၊ ထိုင်းတို့ကိုလည်း လေ့လာရေးတွေစေလွှတ်ပြီး နို့စားနွားမွေးမြူရေးဖွံ့ဖြိုးဖို့လုပ်နေတာတွေ ရှိပါတယ်။ ဒီနို့နဲ့ နို့ထွက်ပစ္စည်းလုပ်ငန်းဖွံ့ဖြိုးဖို့က ပထမအချက် နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးဖို့ပဲ၊ နို့စားနွားမွေးမြူရေးဖွံ့ဖြိုးမှ နို့များများထွက်မှာ။ နို့များများရမှ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်များများ ထုတ်လုပ်နိုင်မှာ။ ဒုတိယအချက်ကတော့ ထွက်လာတဲ့နို့တွေကို စနစ်တကျ ပြုပြင်ထုတ်လုပ်တဲ့ နည်းပညာရှိဖို့။ ထုတ်တော့ ထုတ်လုပ်တယ်။ ထုတ်လုပ်တဲ့ ကုန်ကျစရိတ်သိပ်ပြီးများနေရင် လောလောဆယ် ဈေးမှာ မတွင်ကျယ်ဘူး ဦးကြီးရဲ့"

"ကဲ ထားပါတော့ကွာ၊ နို့စားနွားမွေးမြူရေးဖွံ့ဖြိုးဖို့က ပထမဆုံး ဘာလုပ်သင့်သလဲ။ မင်းတို့ဘာလုပ်ကြမလဲ"

ဦးကြီးအမေးက ကွေ့ကောက်၍ ဖြေမရ၊ တည့်တည့်မေးလာသည်။ သည်တော့လည်း အရေးကြီးဆုံးနဲ့ အဓိကအချက်ကို ကျွန်တော်ဖြေရပါမည်။

"မျိုးရိုးအရေးကြီးတယ် ဦးကြီးရ။ ကြက်ဆိုရင်လည်း ဥထွက်နှုန်း၊ အသားတိုးနှုန်း ကောင်းမှ၊ ဝက်ဆိုရင်လည်း အတူတူပဲ။ နွားဆိုရင်လည်း နို့စားနွားဆိုရင် နို့ထွက်ကောင်းမှ။ ကျွန်တော်တို့ဒေသနွားတွေ ၂ ပိဿာ၊ ၃ ပိဿာဆိုတာလွန်ရော၊ ကျွံရောပဲ။ ဖရီရှန်နွား၊ ဂျာစီနွားတွေက ၇ ပိဿာ၊ ၈ ပိဿာ အသာလေးထွက်တယ်။ တချို့ဆိုရင် အချိန် ၁၀ လောက်ထွက်တယ်။ ပြီးခဲ့တဲ့အပတ်က ကျွန်တော်တို့ ဆရာသမား တရုတ်ကိုသွားပြီး လေ့လာတယ်။ အဲဒီမှာ နို့စားနွားတစ်ကောင်ကို ပျမ်းမျှတစ်နေ့ကို ၁၄ ပိဿာထွက်သတဲ့။ တစ်နှစ်ကို နို့ ၇ တန်ထွက်တယ်တဲ့။ သူတို့လည်း နဂိုတုန်းက ၅ ပိဿာ၊ ၆ ပိဿာ ထွက်ရာကနေ မျိုးမြှင့်ပြီး ကြိုးစားခဲ့ကြတာဆိုတော့ ကျွန်တော်တို့လည်း အဲဒီလိုတော့ လုပ်ရမှာပေါ့"

"လုပ်ရမယ်ဆိုရင်လည်း ဘယ်ကစပြီး လုပ်မှာလဲ။ ဘယ်လို လုပ်ကြမှာလဲ။ ငါတို့ နွားသမားကတော့ အဲဒီလို နို့စားနွားမျိုးရချင်တယ်"

ဦးကြီးက သူ့တိုင်းပြည်အတွက်၊ သူ့တောင်သူတွေအတွက် နို့စားနွားမျိုးကောင်းရချင်၍ အလောတကြီး မေးလာသည်။

"လုပ်ပါ့မယ်ဦးကြီးရယ်။ ကျွန်တော်တို့ နွားတွေမျိုးမြှင့်ဖို့ နို့စားနွားများများမွေးတဲ့ နေရာတွေမှာ မျိုးမြှင့်သားစပ်ခန်းတွေ အရင်ထူထောင်ရမယ်။ အဲဒီမှာ မေထုန်မဲ့သားစပ်တဲ့ ဝန်ထမ်းတွေ တာဝန်ချထားပေးမယ်။ လိုအပ်တဲ့ မျိုးချောင်းတွေ၊ နိုက်ထရိုဂျင်တွေ၊ နည်းပညာတွေ သင်ကြားပေးမယ်။ အဲဒါနဲ့အတူ လက်ရှိကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ နို့စားနွားခြံတွေက မျိုးကောင်းတဲ့ နွားသိုးလေးတွေကို ကျေးရွာတွေ၊ အစုအဖွဲ့တွေကို ဖြန့်ပေးမယ်။ အဲဒီနွားသိုးနဲ့ နို့စားနွားမတွေကို မျိုးမြှင့်မယ်။ သားစပ်မယ်။ အဲဒါဆိုရင် လက်ရှိမျိုးထက်ပိုပြီး နို့ထွက်တဲ့၊ ထုတ်လုပ်မှုကောင်းတဲ့ နွားမျိုးတွေရလာမှာ"

"မင်းက မျိုးနွားသိုးတွေ ရွာတွေကို ပေးမယ်ဆိုတော့ တို့မှာ မျိုးကောင်းတဲ့ နွားသိုးတွေကော ရှိလို့လား"

"ရှိပါတယ်ဦးကြီးရယ်။ ကျွန်တော်တို့ဌာနနဲ့ FAO (ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့) ပူးပေါင်းပြီး ၂၀၀၇ ခုနှစ်ကတည်းက နို့စားနွားမွေးမြူရေးဖွံ့ဖြိုးမှု စီမံကိန်းလုပ်ခဲ့တယ်။ အဲဒီစီမံကိန်းနဲ့ ဂျာမနီက နို့စားနွားမျိုးရည်ချောင်း ၁၀၀၀၀ တင်သွင်းထားပါတယ်။ ပြီးတော့ ရန်ကုန်၊ မိတ္ထီလာ၊ နေပြည်တော်၊ မန္တလေးမှာရှိတဲ့ နွားခြံကြီးတွေက နို့ပေးနှုန်း အကောင်းဆုံး နွားမကြီးတွေကို သူတို့ရဲ့ နို့ထွက်နှုန်းတွေ မှတ်တမ်းကောက်ပြီး အဲဒီမျိုးချောင်းတွေနဲ့ သားစပ်ပေးခဲ့တာ။ အခုဆို နွားကလေး အကောင် ၁၀၀ လောက် ပေါက်နေပါပြီ။ အဲဒီနွားတွေကို ကျွန်တော်ပြောသလို ရွာတွေကိုဖြန့်ပေးပြီး သားစပ်ပေးခဲ့ရင် ကျွန်တော်တို့ နို့စားနွားမျိုးတွေ ပိုပြီးဖွံ့ဖြိုးတိုးတက်လာမှာပါ"

"မင်းတို့က အဲဒီနွားတွေကို ရွာတွေကို အလကားပေးမှာလား။ ဘယ်ဈေးနဲ့ ရောင်းမှာလဲ"

ဦးကြီး၏ စေ့စပ်သေချာမှုက ရေပက်၍မဝင်။

"ဒါကတော့ဦးကြီးရယ် တချို့လည်း အစုအဖွဲ့ အစီအစဉ်နဲ့ဝယ်။ တချို့လည်း စေတနာရှင်တွေက ထောက်ပံ့။ ဒီလိုတော့ရှိတာပေါ့။ ကျွန်တော်တို့ဌာနကတော့ ကျန်းမာရေး စောင့်ရှောက်မှုပေးမယ်။ နည်းပညာပေးမယ်လေ"

"မှန်တာပေါ့ကွာ။ နွားပေးရုံနဲ့တော့မဖြစ်ဘူး။ နည်းပညာပေးဖို့က လိုသေးတယ် မဟုတ်လား။ နောက်ပြီး အဲဒီနွားတွေကို ဘယ်လိုကျွေးရမလဲ။ ဘာတွေလုပ်ပေးရမလဲ ပြောပါဦးဟ"

"ကဲ ကိုရွှေမောင်၊ မောင်အောင် ခဏတစ်ဖြုတ်လေး နားပါရစေဦးတော့။ တွေ့ကတည်းက တမေးတည်း မေးနေတာပဲ။ ငါ့တူ ရေနွေးကြမ်းလေးသောက်လိုက်ဦး"

အရီးနွဲ့ဝင်ကူ၍ ကျွန်တော် ရေနွေးကြမ်း သောက်ခွင့်ရလိုက်သည်။ နောက်ပြီးမှ ဦးကြီး၏အမေးကို ဆက်ပြီးဖြေရဦးမည်။ ဦးကြီးအတွက်လည်း ဒီကိစ္စတွေက အရေးကြီးသည်။

"ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နို့စားနွားတွေ တိုးချဲ့မွေး"ရဦးမှာ မဟုတ်ပါလား။ ။



နိုဝင်ဘာ ၁၃ ရက်က L'oreal နှင့် Maybelline ကို ကူညီ အားပေးရောင်းချသော City Mart စိန်ဂေဟာ၊ OZONE, Fashion တို့မှ ကုန်သည်ကြီးများနှင့် စူပါမားကက်ပိုင်ရှင်ကြီးများအား La Source Trading က ဥရောပခရီးစဉ်အဖြစ် သွားရောက်လည်ပတ်လေ့လာရန်စီစဉ်ပေးမှုဖြင့် ပြင်သစ်နှင့် အီတလီနိုင်ငံများသို့ထွက်ခွာရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

## မိတ္ထီလာ၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၁၅

မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု ဥယျာဉ်ကုန်းကျေးရွာရှိ အမှတ် (၂၁၀) မူလတန်းကျောင်းဆောင်သစ်ကို ဂျပန်နိုင်ငံ IGISU PRIMARY SCHOOL နှင့် MR .TAKAO YA MAMOTO တို့က အလျား ပေ ၃၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၃ ပေရှိ နံကပ်သွပ်မိုးကျောင်းဆောင်သစ်ကို ငွေကျပ်သိန်း ၃၀ အကုန်ကျခံ၍ ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက်က ကျင်းပရာ ကျောင်းဆောင်သစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ဂျပန်နိုင်ငံမှ အလှူရှင်နှင့် မြို့နယ်ပညာရေးမှူး ဦးသောင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဂျပန်နိုင်ငံမှ အလှူရှင် MR . TAKAO YA MAMOTO က မိတ္ထီလာမြို့နယ်အတွင်းရှိ စက်မှုဇုန်တွင် မူလတန်းကျောင်းတစ်ကျောင်း၊ ပျဉ်သာကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်း၊ ထန်းတောဥယျာဉ်ရွာတွင် မူလတန်းကျောင်း တစ်ကျောင်းနှင့် ယခု ဥယျာဉ်ကုန်းကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်း၊ မိတ္ထီလာမြို့ မျက်မမြင်ကျောင်းတွင် ငွေကျပ်သိန်း ၁၅၀ တန် ကျောင်းဆောင်သစ်တစ်ဆောင် စုစုပေါင်းသိန်း ၃၀၀ ခန့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းထားသည့် အလှူရှင်ဖြစ်ကြောင်းသိရသည်။

(၁၁၁)



## တစ်ချက်တည်းကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၁၅

ဦးဝဏ္ဏမောင်သည် ကစားဖော်များဖြစ်ကြသော ဦးဂျိမ်းဇော်ဦး၊ ဗိုလ်ကြီးအောင်ဇော်ဟိန်း(ငြိမ်း)၊ ဦးဝင်းကြိုင်၊ ဦးမျိုးအောင်(သနပ်ခါး)တို့နှင့်အတူ နိုဝင်ဘာ ၁၁ရက်က မြို့တော်ဂေါက်ကွင်း (မြကန်သာကွင်း)၌ ဂေါက်သီးရိုက်ကစားစဉ် TITLEIST PRO V1 BALL NO(2) ဘောလုံးကို SRIXON HYBRID NO (5) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၇ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၁၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

## သိမှတ်ဖွယ်ရာ ဘာသာစကား

# သိမှတ်စရာ ယနေ့ မြန်မာစာ မြန်မာစကား

**ယနေ့** မြန်မာစကားပြော၊ မြန်မာစာ အလွဲသုံးနေကြပုံများမှာ အစဉ်အလာ တစ်ခုကဲ့သို့ ဖြစ်နေ၍။ "အများညီ ဤကွဲဖတ်" ဖြစ်သွားလျှင် ခက်မည်။

ရှေးခေတ်က မြန်မာစာပေကို အမြတ်တနိုး တန်ဖိုးထားခဲ့ကြသည်။ ဆရာကြီး သခင်ဘသောင်းက -

"မြန်မာစာသည်. . . . . . . . . . ဒို့စာ၊
မြန်မာစကားသည်. . . . . . . . ဒို့စကား၊
ဒို့ပြည်ကို. . . . . . . . . . . . . ချစ်ပါ၊
ဒို့စာကို. . . . . . . . . . . . . . ချီးမြှင့်ပါ၊
ဒို့စကားကို. . . . . . . . . . . . လေးစားပါ" ဟု ဆိုခဲ့ဖူးသည်။

ထိုခေတ်က မြန်မာစာကိုပင် အလေးထားခဲ့သည်မဟုတ် အင်္ဂလိပ်စကားနှင့် အင်္ဂလိပ်စာပေကိုလည်း အလေးထားခဲ့သည်။ ထို့ကြောင့် ရှေးမြန်မာများသည် မြန်မာစကား မြန်မာစာသာမက အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာပေကိုလည်း ကျွမ်းကျင်ကြကြောင်း မှတ်သားရသည်။

ယနေ့ မြန်မာများ၏ မြန်မာစကားပြောပုံ၊ မြန်မာစာရေးပုံများကို လေ့လာကြည့်သင့်သည်။

စာရေးသည်ဆိုသည်မှာ စကားပြောမှုကို ရုပ်လုံးဖော်ပေးခြင်းဖြစ်သည်။ ထိုအခါ မြန်မာစကားကို ပီပီသသ ရွတ်ဆိုကြမှ စာရေးသောအခါ အမှားအယွင်း ကင်းစင်နိုင်သည်။ စကားသံ မပီမသဖြစ်လျှင် စာရေးသည့်အခါ ထိုအတိုင်း လိုက်ပါမှားယွင်းနိုင်သည်။ ထိုသို့ မဖြစ်ရအောင် ရှေးလူကြီးများက "ပြောတော့အသံ၊ ရေးတော့အမှန်" ဆိုသည့် ဆောင်ပုဒ်ကို စာရေးသည့်အခါ မမှားရအောင် ချမှတ်ပေးခဲ့သည်။

**ဆ** နဲ့ **စ** အသံရောပုံ။ ။အပြောမှား အရေးမှားတစ်ခုမှာ ဆ နှင့် စ ကို မကွဲပြားဘဲ ဆ သံကို စ သံနဲ့ အပြောများနေခြင်းဖြစ်သည်။ "ဒီရပ်ကွက်မှာ စူသံပူသံမကြားရလို့ စာကျက်ရတာ အစဉ်ပြေသွားပါတယ်". . . တဲ့။ ဆရာကြီးရွှေဥဒေါင်း အသုံးအရဆိုလျှင် ဒီလိုအပြောမျိုး ဒီလိုအရေးအသားမျိုးဟာ နားကလောစရာဖြစ်တယ်. . . ဟု ဆိုရမည်။ ဆူဆူညံညံဆိုတဲ့အသုံးကို ဆူသံပူသံလို့ သုံးရမယ့်အစား စူသံပူသံလို့ အဘယ်ကြောင့်မှားသုံးနေသနည်း၊ စာကျက်ရတာ အဆင်ပြေသွားပါတယ်လို့ သုံးရမည်ကို စာကျက်ရတာ အစဉ်ပြေသွားပါတယ်ဟု ဘာကြောင့် မှားသုံးရသနည်း။ ဆ သံနှင့် ပီပီသသထွက်ရမည်ကို စတန့်ထွင်ပြီး စ သံနဲ့ ပြောနေကြ၍ဖြစ်သည်။ ဆန် ကို စန်၊ ဆီ ကို စီ၊ ဆား ကို စား၊ ဆေး ကို စေး လို့ အသံထွက်ပြီး စန်တစ်ပြည်၊ စီတစ်ခွက်၊ စားတစ်ပန်းကန်၊ စေးတစ်လုံးလို့ သုံးလာလျှင် ခက်မည်။

မှတ်မှတ်ရရ ကြော်ငြာတစ်ခုကို တွေ့လိုက်ရသည်။ မြေနေရာရောင်းမယ့် ကြော်ငြာဖြစ်သည်။ "နေရာအလွန်ကောင်း၊ စိတ်ငြိမ်ရပ်ကွက်". . . ဟုဆိုသည်။ နောက်ကြော်ငြာတစ်ခုမှာ "အသုံးပြုစဲ. . . ရောင်းရန်ရှိသည်". . . ဟုဆိုထားသည်။

ပထမကြော်ငြာပါ စိတ်ငြိမ်ရပ်ကွက်ဆိုသည်မှာ စိတ်နှလုံးငြိမ်သက်နေသည့် ရပ်ကွက်၊ တစ်နည်း အိပ်မောကျနေတဲ့ ရပ်ကွက်ကို ဆိုလိုသည်လား. . .၊ ကြော်ငြာ၏ အာဘော်အရ ထိုသို့မဟုတ်တန်ရာ။ ဆိတ်ငြိမ်ရပ်ကွက်ဆိုမှ မှန်မည်။ ရပ်ကွက် အခြေအနေက စက်ရုံမှ စက်ကြိတ်သံများ၊ အလုပ်ရုံများက သွပ်ပြားသံပြား ထုထောင်းသံများ၊ မော်တော်ကားများ ဥဒဟိုသွားလာနေ၍ မော်တော်ကားဟွန်းသံ ညံနေသည်များ ကင်းရှင်းသည့် ရပ်ကွက်ပင်ဖြစ်မည်။ ထိုအခါ ဆိတ်ငြိမ်ရပ်ကွက်ဟု စ အစား ဆ ကို သုံးလိုက်သည်နှင့် အဓိပ္ပာယ်ထိထိမိမိရှိသွားမည်။ တစ်ခေတ် တစ်ခါက မော်တော်ကားဟွန်းတီးသံ ဆူညံလွန်းလို့ "ဆိတ်ငြိမ်ရပ်ကွက်၊ ဟွန်း မတီးရ"ဟု ဆိုင်းဘုတ်တင်ပြီး တားမြစ်ဖူးသည်။ ထို့ကြောင့် စိတ်ငြိမ်နဲ့ ဆိတ်ငြိမ် ဆိုသည်မှာ ပြဒါးတစ်လမ်း သံတစ်လမ်း အဓိပ္ပာယ်ရှိတဲ့ စာလုံးပေါင်းဖြစ်၍ ဆိတ်ငြိမ်ရပ်ကွက်ဟု မှန်မှန်ကန်ကန် စာလုံးပေါင်းဖို့ လိုသည်။

နောက်ကြော်ငြာတစ်ခုက. . . အသုံးပြုစဲ. . . ရောင်းရန်ရှိသည်. . . ဖြစ်သည်။ စဲ ဆိုသည်မှာ အဘယ်နည်း။ ပြုခြင်း၊ ဖြစ်ခြင်းကိစ္စတစ်ရပ်ရပ် အဆုံးသို့ရောက်သည်. . . ဟု အဘိဓာန်တွင် ဖွင့်ဆိုထားသည်။ ကြော်ငြာအရ ပစ္စည်းကို အသုံးပြုစဲဆိုရာ ပစ္စည်းကို အသုံးပြုနေခြင်း ရပ်စဲသွားပြီဟု အဓိပ္ပာယ်ရသည်။ ပစ္စည်းကို အသုံးပြုဆဲဖြစ်မှ အဓိပ္ပာယ်အမှန်ထွက်လာမည်။ ဆဲ ဆိုတာ မျက်မှောက်အခိုက်အတန့်တွင် ဖြစ်နေသည်ကို ပြသည့်စကားဟု အဘိဓာန်က ဖွင့်ဆိုသည်။ ခိုက်၊ စဉ်၊ တုန်းတို့နှင့် အသုံးတူသည်။ စဲ နဲ့ ဆဲ သည် ဆန့်ကျင်ဘက်ဖြစ်၍ အသုံးပြုစဲသည် အသုံးပြုခြင်း ပြီးဆုံးသွားပြီ၊ အသုံးပြုဆဲဆိုမှ ပစ္စည်းကို ဆက်လက်သုံးနိုင်ကြောင်း အဓိပ္ပာယ်ရသည်။

**မှ နဲ့ က အသုံး။** ထို့နောက် အများဆုံး မှားသုံးနေသည့် အသုံးအနှုန်းတစ်ခုမှာ မြန်မာဘာသာစကား၌ ပစ္စည်းဟုခေါ်သည့် နောက်ဆက်စာလုံး မှ နှင့် က ဖြစ်သည်။ မြန်မာဝါကျတွင် အကြမ်းဖျင်းအရ ကတ္တား၊ ကံ၊ ကြိယာ တို့ပါသည်။ ထိုသုံးမျိုးကို အဓိပ္ပာယ်ရှိသည့် ဝါကျတစ်ခုဖြစ်လာအောင် နောက်ဆက်စကား ဖြစ်သည့် က၊ ကို၊ မှ၊ သည်. . . စသည်တို့နှင့် ဖွဲ့စည်းပေါင်းစပ်လိုက်ရာ ဝါကျတစ်ခုရလာသည်။ အိမ်တစ်ဆောင်ဖြစ်လာဖို့ သစ်၊ တိုင်၊ သွပ်တို့ရှိရုံနှင့် အိမ် မဖြစ်သေးပါ။ သစ်၊ တိုင်၊ သွပ် တို့ကို ပေါင်းစပ်ပေးမည့် သံနှင့် စနစ်တကျ ပူးကပ်ဆက်သွယ်ပေးပါမှ အိမ်ဆိုသည့် အဆောက်အအုံ အထင်အရှားဖြစ်လာမည်။ အိမ်ဆောက်တတ်သည့် လက်သမားကောင်းရှိဖို့လည်း လိုမည်။ သစ်၊ တိုင်၊ သွပ် တို့သည် ကတ္တား၊ ကံ၊ ကြိယာနှင့် တူပြီး သံက နောက်ဆက်စကားနှင့်တူသည်ဟု မှတ်ယူပြီး စာရေးသူက စနစ်တကျ ပေါင်းစပ်သည့်အခါ ဝါကျတစ်ခုဖြစ်လာသည်။ "မောင်ဘက ထမင်းကို စားသည်" ဆိုသည့်အခါ က ဟာ ကတ္တားနောက်ဆက်၊ ကို ဟာ ကံနောက်ဆက်၊ သည် ဟာ ကြိယာနောက်ဆက်ဖြစ်သည်။

ထိုတွင် နောက်ဆက် က ၏ ထူးခြားချက်မှာ က ကို ကတ္တားနောက်ဆက်အဖြစ် သုံးနိုင်သကဲ့သို့ (မောင်ဘက . . . ) က ကို ထွက်ခွာရာပြနောက်ဆက်အဖြစ် (မန္တလေး က လာသည်)လည်း သုံးနိုင်ခြင်းသည် ထူးခြားမှုတစ်ခု ဖြစ်သည်။ နောက်ထွက်ခွာရာပြ နောက်ဆက်တစ်ခုမှာ မှ ဖြစ်သည်။ (မန္တလေး မှ လာသည်)

ထိုနေရာတွင် မန္တလေးက လာသည်နှင့် မန္တလေးမှ လာသည်ကို ထွက်ခွာရာပြအနက်မှာ က နှင့် မှ ကို အလဲအလှယ်သုံးနိုင်သော်လည်း ထွက်ခွာခြင်း အနက်မရှိသည့် ပြုမူဆောင်ရွက်မှုရှိသော စား လို ကြိယာမျိုးကို က နှင့် မှ အလဲအလှယ်ပြုပြီး လုံးဝမသုံးနိုင်။ မောင်ဘက စားသည်ဟု ရေးသကဲ့သို့ မောင်ဘမှ စားသည်ဟု လုံးဝ မရေးနိုင်။

ယနေ့ မှ ကို ကတ္တားနောက်ဆက်အဖြစ် လွဲမှားသုံးသည်မှာ အပြောတွင်မကဘဲ အရေးတွင်ပါ မှားယွင်းသုံးလာကြသည်။ သည်သာဓကအားဖြင့် "ဦးလွန်းမောင်မှ အမှာစကား ပြောကြားပါလိမ့်မည်"၊ "ဆရာကြီးမှ ဆုချီးမြှင့်ပေးပါရန် ပန်ကြားအပ်ပါသည်"၊ "ခရီးဆောင်မြန်မာအဘိဓာန်စာအုပ်ကို မြန်မာစာအဖွဲ့ဦးစီးဌာနမှ ထုတ်ဝေပါသည်"၊ "ဝန်ထမ်းများမှ လှူဒါန်းငွေများကို ကော်မတီကိုယ်စား ဦးစီးမှူးမှ လက်ခံနေစဉ်"၊ ပြောကြား၊ ချီးမြှင့်၊ ထုတ်ဝေ၊ လှူဒါန်း၊ လက်ခံ ကြိယာများသည် ပြုမူဆောင်ရွက်သည့် ကြိယာဖြစ်၍ ထွက်ခွာခြင်းအနက်ရှိသည့် ကြိယာ၌သာ အသုံးပြုရသည့် မှ ကို ထိုနေရာတွင် လုံးဝမသုံးနိုင်။ ကတ္တားနောက်ဆက် ကကို သုံးမှ မှန်သည်။ ("ဦးလွန်းမောင်က . . .၊ ဆရာကြီးက. . .၊ မြန်မာစာအဖွဲ့ဦးစီးဌာနက. . .၊ ဝန်ထမ်းများက. . .၊ ဦးစီးမှူးက. . . ")

ထွက်ခွာရာပြတွင် သုံးသည့် နောက်ဆက် မှ ကို ကတ္တားနောက်ဆက် က နှင့် ရောထွေးပြီး မှားနေခြင်း ဖြစ်သည်။ အချို့ကိစ္စမှာဆိုလျှင် မှ နှင့် က သည် အဓိပ္ပာယ်ဆန့်ကျင်ဘက် ဖြစ်သွားသည်။

သမဝါယမအသင်းက ပစ္စည်းများကို ဝယ်ယူသည်။

သမဝါယမအသင်းမှ ပစ္စည်းများကို ဝယ်ယူသည်။

ထိုဝါကျနှစ်ခု အဓိပ္ပာယ်မတူဘဲ ဆန့်ကျင်ဘက်ဖြစ်နေသည်။ ပထမဝါကျမှာ သမဝါယမအသင်းသည် ပစ္စည်းဝယ်ယူသူဖြစ်သည်။ ဒုတိယဝါကျမှာ သမဝါယမအသင်းသည် ပစ္စည်းရောင်းသူဖြစ်သွားသည်။ (အသင်းမှ ပစ္စည်းများကို အခြားတစ်ယောက်ယောက်က ဝယ်ယူသည့်အဓိပ္ပာယ် သက်ရောက်သည်)

အကြံပြုချင်သည်မှာ ပြုလုပ်သူပြ ကတ္တားအဖြစ်ရော ထွက်ခွာရာပြရော နောက်ဆက်စကားလုံး က ကိုပဲ နှစ်မျိုး သုံးနိုင်သည်။ (ဥက္ကဋ္ဌကြီးက အမှာစကား ပြောကြားသည်။ မန္တလေးက လာသည်။) မှ ကို မသုံးဘဲ ထားရင်လည်း ရသည်။

ပြည်ထောင်စုဖွား၊ ညီအစ်ကိုများ၊ စကားထွေထွေ၊ ကြွယ်ဝပါစေ။

**ရွှေခိုင်သိန်း(ဘဏ်)**

## ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့် ပွဲတော်တွင် ဖူးပွင့်နေသော ပန်းပင်ပေါင်းစုံဖြင့် စိုက်ပျိုးပူဇော်ရန် နှိုးဆော်

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀) ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးသည် ကြုံတောင့်ကြုံခဲလှသော ကုသိုလ်တော်ပွဲကြီး ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်အားလုံး မိမိတို့နှင့် ဆက်စပ်ရာ အပိုင်းကဏ္ဍမှ ပါဝင်ကုသိုလ်ပြုလိုသော ဆန္ဒများ ရှိကြမည်ဖြစ်သည်။

ပန်းပင်စိုက်ပျိုးသူ၊ ပန်းဝါသနာပါသူများသည် မိမိတို့ အသက်မွေးဝမ်းကျောင်းပြုသော အသိပညာ၊ အတတ်ပညာများဖြင့် မိမိတို့စိုက်ပျိုးထားသော လှပလန်းဆန်းသည့် အပွင့်ပန်းများဖြင့် ရွှေတိဂုံစေတီတော်ကြီးအား ဆက်ကပ်လှူဒါန်းပူဇော်ရန် အထူးအခွင့်အရေးရရှိမည်ဖြစ်သည်။

ပွဲတော်ကာလဖြစ်သည့် ဖေဖော်ဝါရီ ၁၁ ရက်မှ မတ် ၇ အတွင်း စိုက်ပျိုးပူဇော်မည်ဖြစ်ရာ စိုက်ပျိုးသူကိုယ်တိုင် လာရောက်ခင်းကျင်း ထိန်းသိမ်းလှူဒါန်းလိုပါက လှူဒါန်းနိုင်ခြင်း၊ ဝယ်ယူလှူဒါန်းလိုသူများအနေဖြင့်လည်း ဝယ်ယူလှူဒါန်းနိုင်ခြင်း၊ ပျိုးပင်အရောင်းဆိုင်များ ဖွင့်လှစ်ခွင့်ပြုခြင်းနှင့် ပျိုးပင်အလှူခံဌာန ဖွင့်လှစ်ထားခြင်းတို့ကို စီစဉ်ထားကြောင်း သိရှိရသည်။

သို့ဖြစ်ပေရာ ပန်းအလှူရှင်များအနေဖြင့် ရွှေတိဂုံစေတီဂေါပကအဖွဲ့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ရန် နှိုးဆော်ရေးသားလိုက်ရပါသည်။

(နွဲ့နွဲ့ကြည်-သတင်းစဉ်)

## မူဆယ်တွင် ငါးရှဉ့်ကုန်စည်ဒိုင် ဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မူဆယ်တွင် ငါးရှဉ့်ကုန်စည်ဒိုင်ဖွင့်ရန် လိုအပ်သော စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက ပြောသည်။

ထိုသို့ လုပ်ဆောင်ရန် သင်းဖွဲ့စည်းမျဉ်းများ၊ အလုပ်အမှုဆောင်ရွေးချယ်မှုများကို မူဆယ်မြို့ရှိ မူဆယ်-နမ့်ခမ်းကုန်သည်အသင်း၌ နိုဝင်ဘာ ၈ ရက်က လုပ်ဆောင်ခဲ့ရာ ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်ဆွေးနွေးသူ ၆၈ ဦးရှိခဲ့ကြောင်း သိရသည်။

ထိုအခမ်းအနားတွင် သင်းဖွဲ့စည်းမျဉ်းများနှင့်ပတ်သက်၍ ဌာနဆိုင်ရာနှင့် တာဝန်ရှိသူများက လိုအပ်သော ပြင်ဆင်ဖြည့်စွက်မှုများပြုလုပ်ခဲ့ပြီး အမှုဆောင်အမည်စာရင်းများကို ရွေးချယ်ဖွဲ့စည်းနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ အဆိုပါအလုပ်အမှုဆောင်များအနက်မှ ခုနစ်ဦးမှာ မူဆယ်တွင် အမြဲရုံးထိုင်ကာ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

(၆၈၀)

## ဆေးပညာသမိုင်း၏ အောင်မြင်မှုများနှင့်အတူ ပထမဦးဆုံး ယောကျ်ားလေးရင်ချင်းဆက်အမြွှာအား ယနေ့ခွဲစိတ်မည်

အချိန်ကား. . .

နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီ. . .။ နေရာကား. . . ရန်ကုန်မြို့ ကလေးဆေးရုံကြီး။

ရန်ကုန်မြို့ ကလေးဆေးရုံကြီးသို့အရောက် ကြပ်မတ်ဆောင်တွင် ပျော်ရွှင်ရယ်မောသွက်လက်စွာဖြင့် ဆော့ကစားနေသော အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင်တို့ ညီအစ်မနှစ်ဦးကို မြင်တွေ့ရသည်။ ခွဲစိတ်ပြီးသည်က မကြာသေး. . .။ သူတို့လေးတွေ၏ ကျန်းမာရွှင်လန်းနေမှုက မယုံကြည်နိုင်ဖွယ်ရာ. . .။ သူတို့၏ မိဘနှစ်ပါးနှင့် စောင့်ရှောက်နေသော ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများကလည်း အမြွှာညီအစ်မ၏ အပျော်အပြုံးများကို ကြည့်၍ စီးမျောနေသဏ္ဍာန်ကို မြင်တွေ့နေရသည်။

သူတို့လေးတွေ၏ အနီးအနားခုတင်ပေါ်၌လည်း ယောကျ်ားလေး နှစ်ဦးက နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသည်။ ၎င်းကလေးငယ်နှစ်ဦးမှာ ရန်ကင်းနှင့် ရန်ရှင်း အမြွှာညီအစ်ကိုဖြစ်သည်။ သားငယ်နှစ်ဦး၏ ချစ်စဖွယ် အိပ်နေဟန်ကို ကြည့်ကာ မိဘများကလည်း ကြည်နူးနေကြသည်။

ထိုမြင်ကွင်းများက ကျွန်တော်၏ ရင်အစုံကို လွှမ်းမိုးကာ ကြည်နူးမှုကို ဖြစ်စေခဲ့သည်။ ရင်ချင်းဆက်အမြွှာညီအစ်မအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ပြီး ရင်ချင်းဆက်အမြွှာညီအစ်ကိုဖြစ်သည့် ရန်ကင်းနှင့် ရန်ရှင်းတို့အား ခွဲစိတ်ပေးမည့် ခွဲစိတ်ဆရာဝန်များအဖွဲ့ (၁)မှ ခေါင်းဆောင် ပါမောက္ခဒေါက်တာ ဦးထူးဟန်အား ခွဲစိတ်မှုအတွက် စီစဉ်ဆောင်ရွက်ပြင်ဆင်ခဲ့ရပုံကို မေးမြန်းကြည့်မိရာ "ကလေးတွေကို ခွဲဖို့အတွက် လေးလနီးပါး ကြိုတင်စီစဉ်ရပါတယ်။ အရင်က ရင်ချင်းဆက်အမြွှာတွေခွဲခဲ့တဲ့ မှတ်တမ်းတွေ၊ ဓာတ်ပုံတွေ ပြန်ကြည့်ပြီး လေ့လာပါတယ်။ ပြီးတော့ အဖွဲ့တွေဖွဲ့တယ်၊ ခွဲစိတ်ကုသမယ့် ဆရာဝန်ကြီးတွေ၊ စိမ်အဖွဲ့တွေ၊ ဓာတ်မှန်ဆရာဝန်ကြီးတွေ၊ ရောဂါဗေဒဆိုင်ရာ ဆရာဝန်ကြီးတွေ၊ မေ့ဆေးဆရာဝန်ကြီးတွေ၊ သူနာပြုတွေကအစ ဖွဲ့ပြီးညှိနှိုင်းတိုင်ပင်ပြီးတော့ ခွဲစိတ်ကုသပါတယ်။ အင်ကြင်းခိုင်နဲ့ အင်ကြင်းလှိုင်ညီအစ်မနှစ်ယောက်ကလည်း ကံကောင်းပါတယ်။ ဝမ်းဗိုက်တစ်ခုနဲ့ တစ်ခုခွဲခြားပြီးတော့ ဝမ်းဗိုက်ကို ပြန်ပြီး ပုံမှန်ဗိုက်ခွဲတဲ့ပုံစံမျိုးနဲ့ ခွဲတာပါ၊ ခွဲပြီးလို့လုပ်ငန်းကိစ္စပြီးသွားရင် ဝမ်းဗိုက်ကို ပြန်ချုပ်ရတယ်။ တစ်လွှာချင်းတစ်လွှာချင်း ပြန်ချုပ်ရတယ်။ ဒီလိုချုပ်လို့မရတဲ့ ကလေးတွေရှိတယ်၊ ဒီကလေးနှစ်ယောက်ကတော့ သူတို့ရဲ့ ပုံမှန် ပင်ကိုအသားတွေနဲ့ ပြန်ချုပ်ပေးပြီး အရေပြားကိုလည်း သူတို့ရဲ့အရေပြားကိုပဲ သုံးပြီးချုပ်ပေးခဲ့ရတယ်။ အခုတော့ ကလေးတွေက ကျန်းကျန်းမာမာပါပဲ။

"မြန်မာနိုင်ငံရဲ့ ဆေးပညာကတော့ အခုအချိန်အခါမှာ နိုင်ငံတကာ အဆင့်အတန်းအနေနဲ့ရှိနေပါတယ်။ ရင်ချင်းဆက်အမြွှာတွေတင်မကပါဘူး၊ အသည်းအစားထိုးတာတို့၊ ကျောက်ကပ်အစားထိုးတာတို့တွေကိုလည်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့တဲ့ သာဓကတွေရှိပါတယ်။ ဒီရင်ချင်းဆက်အမြွှာတွေကို ခွဲစိတ်နိုင်ဖို့ဆိုတာကလည်း နိုင်ငံတော်ရဲ့ ပံ့ပိုးမှုတွေ၊ ဝန်ကြီးဌာနရဲ့ ပံ့ပိုးမှုတွေနဲ့ ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ ကြိုးစားအားထုတ်မှုတွေကြောင့် အခုတော့ အာဆီယံအဆင့်ပဲဖြစ်ဖြစ်၊ နိုင်ငံတကာ အဆင့်အတန်းပဲဖြစ်ဖြစ် ရင်ပေါင်တန်းလိုက်နေနိုင်ပါပြီ"ဟု ရှင်းပြသည်။

### သတင်းမှတ်တမ်း - သာညဏ်

နိုဝင်ဘာ ၁၆ ရက်တွင် ခွဲစိတ်မည့် ပထမဦးဆုံး ယောကျ်ားလေး ရင်ချင်းဆက်အမြွှာဖြစ်သည့် အသက် ၂ နှစ် ၈ လရှိ ရန်ကင်းနှင့် ရန်ရှင်း ညီအစ်ကိုနှစ်ဦးတို့၏ မိဘနှစ်ပါးကလည်း "သူတို့နှစ်ယောက်ကို မမွေးခင်မှာ အိပ်မက်ပေးတယ်၊ သူတို့လာရင် သူတို့ကို မွေးပါ၊ သူတို့ကောင်းစားမှာပါလို့ အိပ်မက်ထဲမှာ လာပြောတယ်။ ထူးခြားတာကတော့ ဒါပါပဲ၊ အမြွှာမွေးမယ်ဆိုတာ မသိပါဘူး။ ကလေးတွေအတွက် အရာရာလိုလေသေး မရှိအောင် ကျွေးမွေးစောင့်ရှောက်ထားတာ နိုင်ငံတော်ကို အရမ်းကျေးဇူးတင်ပါတယ်။ ကိုယ့်ဘာသာကိုယ်ဆိုရင် အခုလိုခွဲစိတ်နိုင်မှာလည်း မဟုတ်ပါဘူး၊ ဒီတိုင်းကြည့်နေရမှာပါ။ ခွဲစိတ်မှုလည်းအောင်မြင်မှာပါ"ဟု ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူတို့က ပြောပြသည်။

ရန်ကင်းနှင့် ရန်ရှင်း ရင်ချင်းဆက်အမြွှာညီအစ်ကိုနှစ်ဦးကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့ရွာနေ ဖခင်ဖြစ်သူ ဦးအောင်ငွေး-မိခင်ဖြစ်သူ ဒေါ်စမ်းစမ်းမော်တို့က ၂၀၀၉ ခုနှစ် မတ်လ ၁၁ ရက်တွင် ရေနီစက္ကူစက်ဆေးရုံကြီး၌ မွေးဖွားခဲ့ပြီး မတ်လ ၁၂ ရက်တွင် ရန်ကုန်ကလေးဆေးရုံကြီးသို့ ပြောင်းရွှေ့၍ ပြုစုကုသမှုပေးထားခြင်းဖြစ်သည်။

မြန်မာ့ဆေးပညာသမိုင်း၏ ရင်ချင်းဆက်အမြွှာများ ခွဲစိတ်ခဲ့မှုသမိုင်းမှတ်တမ်းကို ပြန်ကြည့်လျှင် ၁၉၇၁ ခုနှစ်တွင် မနန်းစိုးနှင့် မနန်းစံ ရင်ချင်းဆက်အမြွှာညီအစ်မကို ပထမဦးစွာ အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် အေးအေးငြိမ်းနှင့် အိအိငြိမ်း၊ ၂၀၀၂ ခုနှစ်တွင် တင်ချင်းဆက်အမြွှာ မိုးပပမောင်နှင့် မိုးပပအောင်(မန္တလေး)၊ ၂၀၀၉ ခုနှစ်တွင် စိုပြေလင်းနှင့် စိုပြေဝင်း၊ ၂၀၁၁ ခုနှစ်တွင် အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင် အပါအဝင် နိုဝင်ဘာ ၁၆ ရက်တွင် ခွဲစိတ်မည့် ဆဋ္ဌမမြောက် ပထမဦးဆုံး ယောကျ်ားလေး ရင်ချင်းဆက်အမြွှာဖြစ်သည့် ရန်ကင်းနှင့် ရန်ရှင်းတို့ ဖြစ်သည်။

နိုဝင်ဘာ ၉ ရက်တွင် အောင်မြင်စွာ ခွဲစိတ်ပြီးစီး၍ ကလေးများ ကျန်းမာရွှင်လန်းလျက်ရှိနေပြီးဖြစ်သော အင်ကြင်းခိုင်နှင့် အင်ကြင်းလှိုင်တို့၏ မိဘနှစ်ဦးကလည်း "အခုလို သမီးနှစ်ယောက် ခဏတာအတွင်း ကျန်းကျန်းမာမာနဲ့ ဆော့ကစားပျော်မြူးနေတာတွေ့ရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ခွဲပြီးပြီးချင်း အောင်မြင်သွားတယ်လို့ သိရတဲ့အချိန်မှာ ဖော်မပြနိုင်အောင်ပဲ ဝမ်းသာခဲ့ရတယ်. . .။ နိုင်ငံတော်၊ ကလေးဆေးရုံက ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုများနဲ့ ဝန်ထမ်းများကိုလည်း အထူးကျေးဇူးတင်ပါတယ်၊ အမြွှာညီအစ်ကို ခွဲစိတ်မှုလည်း အောင်မြင်မှာပါ။ အောင်မြင်ပါစေလို့လည်း ဆုတောင်းပေးနေပါတယ်"ဟု ပြောပြသည်။

ရန်ကုန်မြို့ ကလေးဆေးရုံကြီးမှအပြန် ကြပ်မတ်ဆောင်ထဲ၌ ပျော်ရွှင်မြူးထူးနေသော အနာဂတ်အတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာပန်းပွင့်လေး လေးပွင့်၏ တွတ်တီးတွတ်တာ ဆည်းလည်းသံလေးများက ကျွန်တော့်ရဲ့ နားထဲတွင် ပဲ့တင်ထပ်လျက်. . . .။



နိုဝင်ဘာ ၁၆ ရက် (ယနေ့)တွင် ခွဲစိတ်မည့် ရန်ကင်းနှင့် ရန်ရှင်းတို့ ညီအစ်ကို နှစ်ဦးတို့အား ပျော်ရွှင်စွာ မြင်တွေ့ရစဉ်။

ခွဲစိတ်ပြီး ချစ်ချစ်ခင်ခင် တွေ့ရသည့် ချစ်စဖွယ် ညီအစ်မနှစ်ဦး။



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ဩစတြေးလျနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules နှင့်အဖွဲ့သည် ယနေ့ညနေ ၄ နာရီတွင် ယင်းဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ဩစတြေးလျနှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယရဲချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)



**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

# ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်နှင့် ကချင်ပြည်နယ်လွှတ်တော် အစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

**ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)ကို ယမန်နေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သရေစည်သူ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၈ ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ပြည်သူ့ဆောက်လုပ်ရေး လမ်း၊ တံတားကဏ္ဍဆိုင်ရာ မေးခွန်း(၇)ခု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၅)ခု၊ စည်ပင်သာယာ လမ်း၊ တံတားကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုနှင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုတို့ကို တိုင်းဒေသကြီးဝန်ကြီးများက မေးခွန်းတစ်ခုချင်းအလိုက် ပြန်လည်ဖြေကြားခြင်း ဆောင်ရွက်ကြသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပဉ္စမကာလတို (၅)နှစ်စီမံကိန်း ရည်မှန်းချက်များ ပြန်လည်ဖြည့်စွက် ရေးဆွဲထားမှုအား တိုင်းဒေသကြီးစီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးလှခိုင်က တင်သွင်းရာ ဥပဒေပြုရေးကော်မတီက ဆက်လက်ဆွေးနွေးဆောင်ရွက်သွားရန်နှင့် လိုအပ်သော ကော်မတီများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက "ပညာရေးကဏ္ဍ မြှင့်တင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းသင့်ကြောင်း" အဆို၊ "အုတ်ဖုတ်ခြင်းလုပ်ငန်းများအား သဘာဝဓာတ်ငွေ့(သို့မဟုတ်) စပါးခွံလောင်စာ (သို့မဟုတ်) မီးသွေးတောင့်ဖြင့်သာ လုပ်ကိုင်ခြင်းပြုရန် ဥပဒေကြမ်းပြဋ္ဌာန်းသင့်ကြောင်း" အဆိုနှင့် "ဆည်ချုပ်(ဆည်ပိတ်) ရမည့်အချိန်၊ ဆည်ဖြတ်ရမည့်အချိန် သတ်မှတ်ပေးရန်နှင့် အင်းဂရန်မြေ ခွဲခြားပေးရေး" အဆိုတို့ကို တင်သွင်းကြရာ ယင်းအဆိုအသစ်(၃)ခုကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

ယနေ့ ကချင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ပဉ္စမနေ့)ကို နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့် လွှတ်တော်ကိုယ်စားလှယ် ၄၆ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၅)ခု မေးမြန်းဖြေကြားခြင်း၊ ပြည်နယ်ဥပဒေချုပ်က ရှင်းလင်းဆွေးနွေးခြင်း၊ အဆို(၁)ခုကို ဆွေးနွေးခြင်း၊ လွှတ်တော်က အတည်ပြုခြင်းနှင့် နောင်မွန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးချန်တန်ခင် တင်သွင်းသည့် "ကချင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်သူ့ဘဝ လုံခြုံစိတ်ချရန်၊ ထာဝရငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ကေအိုင်အို၊ ကေအိုင်အေနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြိုးပမ်းဖော်ဆောင်ရေး တိုက်တွန်းကြောင်း"အဆိုကို ဆွေးနွေးခြင်း၊ လွှတ်တော်က အတည်ပြုခြင်း၊ ကချင်ပြည်နယ်အတွင်း လတ်တလော အခြေအနေအရ ခေတ္တပြောင်းရွှေ့လာသော ပြည်သူများအတွက် ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ (၁)ရက်နေ့တွက် စရိတ်(၄)သိန်း(၆)သောင်းနှင့် ပခုက္ကူမြို့နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် လှူဒါန်းငွေကျပ်(၄)သိန်း(၆)သောင်း လှူဒါန်းငွေ စုစုပေါင်း(၉)သိန်း(၂)သောင်း လှူဒါန်းမှုအတွက် လွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်းနှင့် အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး(စတုတ္ထနေ့) ကျင်းပစဉ်။**
(သတင်းစဉ်)





# အလင်းစေတမန်စာကြည့်တိုက် စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အလင်းစေတမန် တရားအလှူတော်အဖွဲ့ (အောင်ဆန်း)၏ (၃)နှစ်ပြည့်အထိမ်းအမှတ် ပထမအကြိမ် စာပေဟောပြောပွဲကို နိုဝင်ဘာ ၉ ရက် ည ၈ နာရီတွင် အလင်းစေတမန် စာကြည့်တိုက်ရှေ့၌ ကျင်းပရာ စာရေးဆရာကြီးများ ဖြစ်ကြသော ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာ အော်ပီကျယ်နှင့် ဆရာမောင်သာချိုတို့က စာပေသမိုင်းဆိုင်ရာများနှင့် ဗဟုသုတရစရာ အကြောင်းအရာများကိုဟောပြောခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

**လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတွင် စာပေနှင့် အသက်မွေးဝမ်းကျောင်း ဘာသာရပ်များ သင်ကြားနေသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ မျက်မမြင်ကျောင်းသားများအတွက် ငွေပဒေသာပင်ကျပ် နှစ်သိန်းနှင့် တစ်နေ့တာအာဟာရ တစ်နပ်စာကျသင့်ငွေကျပ် ၆၁၂၀၀ကို JUNE.CROWN Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဆွေ-ဒေါ်နီလာမွန်တို့၏ သမီး မသဲဆုမွန်ဆွေ မွေးနေ့အလှူအဖြစ် နိုဝင်ဘာ ၁၅ရက်က လှူဒါန်းရာ ကျောင်းအုပ်ကြီး ဒေါ်မော်မော်ဦး လက်ခံစဉ်။**

(လူမှုဝန်ထမ်း)



# မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြုစာမေးပွဲများ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြုစာမေးပွဲများကို ဒီဇင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းခွဲများရှိရာ မန္တလေး၊ ဧရာဝတီနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းနှင့် မွန်ပြည်နယ်တို့၌လည်း တစ်ပြိုင်နက် ကျင်းပစစ်ဆေးမည်ဖြစ်သည်။

ကျင်းပပြုလုပ်မည့်စာမေးပွဲများမှာ MCPA Certified Fundamental Software Engineer (FSE), MCPA Certified Software Engineer(SE), MCPA Certified Network Associate (NA), MCPA Certified Network Professional (NP) တို့ ဖြစ်သည်။

စာမေးပွဲဖြေဆိုမည့်သူများသည် ဒီဇင်ဘာ ၁၄ ရက် နောက်ဆုံးထား၍ မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆၊ ၀၉-၇၃၀၈၈၃၀၀ တို့သို့ ဆက်သွယ်စာရင်း ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

# သုတပဒေသာစာစောင်ဖြန့်ချိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က နိုဝင်ဘာလထုတ် သုတပဒေသာစာစောင် အတွဲ(၃၈)၊ အမှတ်(၁၁)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်တွင် ဂျာမနီ၏စွမ်းအင်စိမ်း၊ မှောင်မည်းဒေသ မီးရောင်ပြမည့်ဆန်ညို၊ စုဆောင်းမှာလား ရင်းနှီးမြှုပ်နှံမှာလား၊ ရာသီဥတုပြောင်းလဲမှုအတွက် အသင့်ဖြစ်နေသော မျိုးစပါးများ၊ ရိုးသားနိုးကြား၍ တိုးပွားအောင် ကြိုးစားခဲ့သူတစ်ဦး၊ ကုဋေကြွယ်တန် လျှို့ဝှက်ချက်ရှိသော လူငယ်လေး၊ သစ်ပင်များ၏ ကျေးဇူး၊ ကိုယ့်ဘဝကိုယ်သာကယ်တင်ရာ၊ ဒုက္ခရေလှိုင်းကို ကျော်လွှားအောင်မြင်ခြင်း အစရှိသော ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် သုတ၊ ရသ အကြောင်းအရာ မျိုးစုံပါရှိသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

# အင်းလေးကန်အတွင်း ဆောင်းခိုငှက်များ စတင်ရောက်ရှိ

**တောင်ကြီး နိုဝင်ဘာ ၁၅**

အင်းလေးကန်အတွင်း နှစ်စဉ်ဆောင်းခိုလေ့ရှိသည့် ငှက်များအနက် ဘဲနီစပ် (Ferruginous Pochord)နှင့် မြစ်တွေး(Black Bellied Term)ငှက်များအား ယခုရက်ပိုင်းအတွင်း အများအပြားတွေ့ရကြောင်း အင်းလေးကန် သဘာဝဘေးမဲ့တောမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အင်းလေးကန်ဘေးမဲ့တောနှင့်ကန်အတွင်း ဆောင်းခိုငှက်များမှာ စင်ရော် (Brown headed Gull)၊ စစ္စလီ (Lesser Whisting Duck)၊ ရေဘဲ(Baer's Pochard)၊ ဘဲဟင်္သာ(Ruddy Shelduck)၊ ဘဲဟင်္သာ(ဖြူ) (Common Shelduck)၊ ရေကြက်ဒုံ(Common Coot)၊ စန္နိုက်(Common Snipe)၊ လင်းယုန်(Steppe Eagle)၊ သိန်းစွန်(Eastern Marsh Harrier)စသည့် ငှက်များဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ရှားပါးစာရင်းဝင်ငှက်များဖြစ်သည့် ကြိုးကြာ(ဒေသရင်း)(Eastern Sarus Crane)၊ လင်းယုန်(ဆောင်းခိုငှက်)(Greater Spotted Eagle)၊ ဘဲမျိုး(ဆောင်းခိုငှက်)(Baer's Pochard)၊ ဘဲမျိုး(ဒေသရင်း)(Indian Skimmer)၊ ဒင်ကျီး(ဒေသရင်း)(Oriental Darter)၊ ဘဲနီစပ်(ဆောင်းခိုငှက်)(Freeuginous Pochord)၊ မြစ်တွေး(ဆောင်းခိုငှက်)(Black Bellied Term)ငှက်များကိုလည်း တွေ့ရှိရကြောင်း အင်းလေးကန်ဘေးမဲ့တောအတွင်း တွေ့ရှိရသည့် အပင်နှင့်သားငှက်တိရစ္ဆာန်များမှာ ငှက်အမျိုးပေါင်း ၂၇၀၊ ငါးမျိုးစိတ် ၄၁ မျိုး၊ ကုန်းနေရေနေတွားသွားသတ္တဝါ ၃၇ မျိုး၊ ဒေသရင်းသစ်ခွမျိုးစိတ် ၁၀၈ မျိုး၊ လိပ်ပြာမျိုးစိတ် ၇၅ မျိုးခန့်ရှိကြောင်း သိရှိရသည်။ (နိုင်ထွန်း-တောင်ကြီး)

# KIA (ကချင်)အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စု မလိခကျေးရွာနေ မောင်အောင်အောင်(၂၇ နှစ်)နှင့် ဇေယျာဦး(၂၁ နှစ်)တို့သည် နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲခန့်တွင် မီးသွေးဖုတ်ရန်သွားရောက်စဉ် ရွာ၏အရှေ့ဘက် ခုနစ်မိုင်ခန့်အကွာ၌ KIA (ကချင်)အဖွဲ့က ထောင်ထားသော မိုင်းတစ်လုံးနင်းမိရာ မောင်အောင်အောင်၏ ညာခြေသလုံးတွင် ပေါက်ပြဲဒဏ်ရာနှင့် မောင်ဇေယျာဦး၏ မျက်နှာနှင့် ရင်ဘတ်ယမ်းစထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✱ ကျောဖုံးမှ

ခုံရုံးဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ကျောင်းအတွက် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပစ္စည်းများ၊ အားကစားပစ္စည်းများ၊ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တပုန်းကျေးရွာ လောကပြတင်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စာကြည့်တိုက်အတွက် သုတ/ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ ပေးအပ်လှူဒါန်းကာ စာကြည့်တိုက်အတွင်း စာပေလေ့လာဖတ်ရှုနေကြသော ကျေးရွာပြည်သူများအား နှုတ်ဆက်အားပေးသည်။

ယင်းနောက် ကနီမြို့နယ် ဝင်မနားကျေးရွာ သံဃာ့ဆေးရုံနှင့် ဓာတ်မှန်ဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖွင့်လှစ်ပေးကြပြီး သံဃာ့ဆေးရုံနှင့် ဓာတ်မှန်ဆောင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် သံဃာ့ဆေးရုံနှင့် ဓာတ်မှန်ဆောင် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အမှာစကားများ ပြောကြားကြပြီး ဓာတ်မှန်ဆောင်အလှူရှင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ သံဃာ့ဆေးရုံ၊ ဓာတ်မှန်ဆောင်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆေးရုံအတွက် ရေခဲသေတ္တာ၊ မီးစက်၊ ဓာတ်ကင်စက်၊ သွေးရည်ကြည်တိုင်းတာစက်နှင့် အလှူငွေများကို ပေးအပ်ကြသည်။

ထို့နောက် ဝင်မနားကျေးရွာ ပညာ့အလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး စာကြည့်တိုက်အတွက် သုတ/ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ ပေးအပ်လှူဒါန်းကာ စာပေလေ့လာဖတ်ရှုနေကြသော ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဝင်မနားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် တိုက်နယ်ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှု ခံယူနေကြသော လူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဥပ္ပါတသန္တိစေတီတော်၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံးစံပယ် အပူဇော်ခံလျက်ရှိရာ ယနေ့ဒသမနေ့ နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိ စေတီတော်၌ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**

ထိုကဲ့သို့ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓမြတ်စွယ်တော်ဖူး ပြည်သူများ စည်ကားများပြားစွာ လာရောက်ဖူးမြော်ကြရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့မှ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရတနာစည်ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလာနန္ဒသည် မွန်းတည့် ၁၂ နာရီတွင် မြတ်စွယ်တော်အား လာရောက်ဖူးမြော်ပူဇော်သည်။

ထို့အတူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များသည် နံနက် ၇ နာရီခွဲတွင် ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်၍ အလှူတော်ငွေများထည့်ဝင် လှူဒါန်းကြသည်။

အလားတူ Wall Street Journal အရှေ့တောင်အာရှဌာနခွဲမှ Bureau Chief Mr. Jon Patrick Barta သည် နံနက်ပိုင်းတွင် ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ကြည်ညို၍ မြန်မာနိုင်ငံသူ နိုင်ငံသားများ အေးချမ်းပျော်ရွှင်စွာ ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်နေကြသည်ကို လည်းကောင်း၊ သဒ္ဓါတရား ထက်သန်စွာဖြင့် အလှူခံဌာနများ၌ အလှူငွေများ ထည့်ဝင်လှူဒါန်းနေမှုတို့ကို လည်းကောင်း ကြည့်ရှုလေ့လာသည်။

ကြည်ညိုသဒ္ဓါပွားများကာ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် ရဟန်းရှင်လူပြည်သူများအတွက် ဓမ္မဒါနအဖြစ် ဗုဒ္ဓမြတ်စွယ်တော် ပုံတော်များအား ပေးလှူနိုင်ရန် သဒ္ဓါကြည်လင်ပါရမီရှင်များက အလှူငွေများ လာရောက်လှူဒါန်းကြသည်။

ယင်းသို့ လာရောက်လှူဒါန်းကြသည့် သဒ္ဓါကြည်လင်ပါရမီရှင်များမှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ၄၀၁၀၀၀၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ငွေကျပ် ၃၆၅၀၀၀၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ညဏ်ထွန်း မိသားစုက ငွေကျပ် ငါးသိန်း၊ Asia World Co. မိသားစုက ငွေကျပ် လေးသိန်း၊ ဦးကျော်ဆွေ မိသားစုက ငွေကျပ် တစ်သိန်း၊ ဒေါ်ခင်အေးသန်း+ဒေါ်နွဲ့နွဲ့သန်း မိသားစုနှင့် ဦးအောင်မြသိန်း-ဒေါ်လှဲ့ရည်မိုး မိသားစုတို့က ငွေကျပ် ၅၀၀၀၀ စီ၊ ဦးမြတ်မင်း-ဒေါ်ဖူးပွင့်သွယ် မိသားစုက ငွေကျပ် ၃၀၀၀၀ အပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၈၉၆၀၀၀ ကို လာရောက်လှူဒါန်းသွားကြသည်။

အလားတူ အလှူခံဌာနများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ငွေကျပ် ၃၇၀၀၀၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ငွေကျပ် ၃၇၅၀၀၀၊ ဇနီးဖြစ်သူ(ဒေါ်တင်လှိုင်)အား ရည်စူး၍ ကြေးမုံသတင်းထောက် ဦးဇော်မင်းအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သမီးသဲစုလှိုင်နှင့် မိသားစုတို့က ငွေကျပ် ငါးသိန်း၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်း(နေပြည်တော်) ရေပြာသောက်ရေသန့်စက်ရုံ - စက်ရုံမှူးနှင့် အရာထမ်း၊ အမှုထမ်းများက ငွေကျပ် ၃၃၃၃၀၀၊ လားရှိုးမြို့နေ ဦးအောင်ကျော်သူ-ဒေါ်သီတာမြင့် (သီတာဒံပေါက်) မိသားစုက ငွေကျပ် သုံးသိန်း၊ ကယားပြည်နယ် ဘောလခဲခရိုင် ရွာသစ်မြို့နယ်ခွဲမှ မိသားစုက ငွေကျပ် ၂၃၇၀၀၀၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးကျော်ဝင်းမိသားစုနှင့် မြေး-သစ်ထူးစံ၊ အမေရိကန်ပြည်ထောင်စုနေ ဦးအောင်ကျော်မိုး-ဒေါ်ခင်ကြည် မိသားစုနှင့် ဦးထိုက်စိန်-ဒေါ်လီလီမိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးမောင်စိန်-ဒေါ်မြကြည်အေးနှင့် သမီး မော်လမြိုင် မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့်တို့က ခန့်မှန်းငွေကျပ် ၃၄၀၀၀၀ တန်ဖိုးရှိ နဝရတ်လက်စွပ်တစ်ကွင်း၊ ထားဝယ်မြို့နေ ဦးသိန်းအောင် - ဒေါ်သန်းမြင့် မိသားစုက ခန့်မှန်းငွေကျပ် ၃၃၂၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်တစ်ကွင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးမျိုးဇော်အောင်-မယမင်းဆွေဇော်တို့က စုစုပေါင်းခန့်မှန်းငွေကျပ် ၂၉၄၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်နှစ်ကွင်း၊ ရန်ကုန်မြို့ လှိုင်မြို့နယ်နေ ဒေါ်လှမြင့်က ခန့်မှန်းငွေကျပ် ၂၈၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲပြားတစ်ခု၊ ဖခင်ကြီး(ဦးကျော်စိန်)အား ရည်စူး၍ ကျိုက်ထိုမြို့နေ ဗိုလ်မှူးကြီးအောင်မြင့်ဦး-ဒေါ်တင်မာနွယ် မိသားစုက ခန့်မှန်းငွေကျပ် ၂၅၇၅၀၀ တန်ဖိုးရှိ ရွှေနားကပ်တစ်ရန်၊ နှစ်ဖက်သော မိဘများအား အမှူးထား၍ ပျဉ်းမနားမြို့နေ ဦးမျိုးလှိုင်-ဒေါ်နန်းလောင်ဆိုင် မိသားစုက ခန့်မှန်းငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံး၊ ဖခင်ကြီး(ဦးကျော်စိန်)အား ရည်စူး၍ ကျိုက်ထိုမြို့နေ ဒေါ်ငွေကြည်နှင့် သမီးခင်စုစုထွေးတို့က ခန့်မှန်းငွေကျပ် ၂၃၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲသီးတစ်ခု၊ ဆရာတော် (ဦးဝိမလသာမိ)အား ရည်စူး၍ ပျဉ်းမနားမြို့နေ သမီး ဒေါ်နန်းလောင်ဆိုင် မိသားစုက ခန့်မှန်းငွေကျပ် ၂၂၇၀၀၀တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်နေ ဦးဌေးလွင်-ဒေါ်ဖြူဖြူလွင် မိသားစုက ခန့်မှန်းငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်း အပါအဝင် စုစုပေါင်းငွေကျပ်တစ်သိန်းနှင့် တစ်သိန်းအထက် အလှူရှင် ၆၃ ဦးနှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံ အလှူရှင် ၅၈ ဦးတို့က လာရောက် လှူဒါန်းကြရာ ဘဏ္ဍာရေးဆပ်ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင်လည်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် ဇနီး ဒေါ်စန္ဒာခင် (ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး) မိသားစုနှင့် အဘိုး ဦးသာခိုင်အား အမှူးထား၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း - ဒေါက်တာဝေဝေသာမိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်-ဒေါ်အေးအေးထွန်း မိသားစုက ငွေကျပ် သုံးသိန်း၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်-ဒေါ်သွဲ့သွဲ့စိန် မိသားစုက ငွေကျပ် တစ်သိန်းနှင့် ဇေယျသိဒ္ဓိရပ်ကွက်နေ ဒေါ်မြစိန် မိသားစုက ငွေကျပ် နှစ်သိန်း၊ အမေရိကန်ဒေါ်လာ ၂၀၀ နှင့် ဂျပန်ယန်း ၁၀၀၀ တို့ကို လာရောက်လှူဒါန်းသွားခဲ့ကြသည်။

နိုဝင်ဘာ ၁၄ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၂၈၁၈၄၂၀၇ ကျပ်၊ FEC ၁၀ ယူနစ်၊ အမေရိကန်ဒေါ်လာ ၄၇၉ ဒေါ်လာ၊ ရီမင်ဘီ ၂၀၃၊ ထိုင်းဘတ် ၁၀၁၀ ၊ အိန္ဒိယရူပီး ၆၂၊ စင်ကာပူဒေါ်လာ ၂၀၊ ကိုရီးယားဝမ် ၅၀၀၊ ဂျပန်ယန်း ၁၀၀၀၊ သီရိလင်္ကာရူပီး ၁၀၀ နှင့် ရွှေ၊ငွေ၊ လက်ဝတ်ရတနာမျိုးစုံ ၈၁ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၁၉၄၀၀ တို့ဖြစ်သည်။ (သတင်းစဉ်)



**ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

## (၉၁) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

★ အမျိုးသားပညာရည်မြင့်မားရေး၊

★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတားလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအတွက် ရွှေဘိုခရိုင်မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ရွှေဘိုမြို့ ဝန်ထမ်းအိမ်ရာလုပ်ငန်း လေးခန်းတွဲ လေးထပ် ၁၆ ခန်းပါ တိုက်အမှတ်(၃) ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရွှေဘိုတက္ကသိုလ်သို့ရောက်ရှိပြီး အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၃)က တာဝန်ယူဆောက်လုပ်သော စာသင်ဆောင် အမှတ်(၅) လူ ၃၂၀ ဆံ့ လေးခန်းတွဲ နှစ်ထပ် စတင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၄)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ရေဝတီတံတား(ရတနာသိယံ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျောက်မြောင်းဘက်ကမ်း ချဉ်းကပ်လမ်း ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ရေဝတီတံတား (ရတနာသိယံ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "ပတ္တမြားနှလုံး" တရားတော် (ဆရာတော်အရှင်စက္ကိန္ဒ) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၂၇)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၂)** |
| ၈း၅၀ | ဆေးပေါင်းခတဲ့ Rock Concert (Part-5) |
| ၉း၃၀ | အားကစားမြင်ကွင်းစုံ |
| ၉း၅၀ | ထူးချွန်သူများနှင့် ချီးမြှင့်သူတို့၏ပွဲ |
| ၁၀း၀၅ | ပဲခွယ်ကုန်းမြို့အထက်တန်းကျောင်း၏ အာစရိယသို့ဝန္ဒာမိလွှာ |
| ၁၀း၂၀ | အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲအခမ်းအနား |
| ၁၀း၃၅ | ဓာတ်ပုံထဲမှအမှတ်တရများ |
| ၁၀း၅၅ | စတိုင်သစ်လွင် Current Fashion |
| ၁၁း၁၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ (အားလုံးကဟော့မှကြိုက်တယ်) |
| ၁၁း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁)** |
| ၁၂း၁၅ | မင်္ဂလာတရားနှင့်ပြည့်စုံစွာ ဆင်နင်းကျေးရွာမှ စိန်ရတုဂုဏပူဇာ |
| ၁၂း၂၅ | သံဝေဇနီယလေးဌာနနှင့် ဖူးစို့စွယ်တော် "မဟာတိုး"နဲ့ သွားမယ်နော်. . . |
| ၁၂း၄၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁း၀၀ | "ပတ္တမြားနှလုံး" တရားတော် (ဆရာတော်အရှင်စက္ကိန္ဒ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | စကားနပန်း |
| ၃း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၂၇)** |
| ၄း၀၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၂)** |
| ၅း၀၀ | မန္တလာမင်းနှင့် ပျော်ရွှင်စရာခရီးစဉ် |
| ၅း၁၅ | စပါးတစ်ဧကတင်းရာကျော် ထွက်အောင်ဆောင်ရွက်ရမည့် နည်းပညာများ |
| ၅း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၁)** |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | ရယ်စရာဖေးရှင်း (ရယ်စရာအင်တာဗျူး) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၂၈)** |
| ၇း၃၅ | Cartoon Show Time |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | မြန်မာပြည်သိန်းတန် "နှုတ်ဆက်ဂီတညချမ်း ဂီတဖျော်ဖြေပွဲ" (LIVE) |
| ၁၁း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၃)** |
| ၁၁း၄၅ | Celebrity Style |
| ၁၂း၁၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၂း၃၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂)** |
| ၁း၁၀ | Industrial Talk |
| ၁း၄၀ | သင်ကြားရေးလမ်းညွှန် |
| ၂း၀၀ | နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (တတိယပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်) |
| ၂း၁၅ | ကိုစိန်နှင့်ကိုယ်ဝန်ဆောင်မိခင် (စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)] |
| ၂း၂၀ | Aureum Palace Resort (Ngwe Saung) |
| ၂း၅၀ | ထူးခြားသွင်ပြင်သတ္တု ပန်းပုရုပ်သွင် |
| ၃း၀၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄း၀၅ | အဆီအနှစ်ပြည့်ဝသော သဘာဝအရသာ နန်းဝေရှို့မှုန့်မှာ |
| ၄း၂၀ | ဓနုရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ |
| ၄း၃၀ | တန်ခိုးထွတ်ခေါင် ရွှေနတ်တောင် |
| ၄း၅၀ | ဖူးစို့ဘုရားစုံမြို့ဖျာပုံ |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဗြိတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဗြိတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာန ဝန်ကြီး H.E. Mr. Andrew John Bower Mitchell ဦးဆောင်သောအဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn လိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ထောင်စုနှစ်ကျန်းမာရေးရည်မှန်းချက်များ ပြည့်မီအောင်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေးတိုးမြှင့်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ပြည်သူတစ်ရပ်လုံးကို လွှမ်းခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှု အာမခံစနစ်ဖြစ်ပေါ်စေရေး ကိစ္စရပ်များ၊ Global Fund နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် AIDS, TB နှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းကိစ္စရပ်များ၊ လူမှုရေးနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ အလှူရှင်များမှ လှူဒါန်းမှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လာရောက်တွေ့ဆုံ

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဗြိတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာန ဝန်ကြီး H.E. Mr. Andrew John Bower Mitchell နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)



# မြန်မာအသင်းလေးပွဲမြောက် နိုင်ပွဲရသွားပြီ

သတင်းနှင့်ဓာတ်ပုံ
**ရှိုင်းထက်ဇော်(ခေတ္တ-ဂျကာတာ)**

ဂျကာတာ နိုဝင်ဘာ ၁၅

**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ဂျကာတာမြို့ရှိ လီဘတ်ဘလူးစ်ကွင်းတွင် ဆက်လက်ကျင်းပရာ မြန်မာအသင်းက တီမောအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

**မြန်မာအသင်း - တစ်ဂိုး**
(မိုင်းအိုက်နိုင်)
**တီမော - ဂိုးမရှိ**

ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည့် မြန်မာအသင်းမှာ ယခုအုပ်စုနောက်ဆုံးပွဲတွင် အမာခံကစားသမားများဖြစ်သည့် ကျော်ကိုကို၊ သီဟစည်သူ(ဂိုး)၊ အေးဆန်း၊ ရန်အောင်ဝင်း၊ ပြည့်ဖြိုးဦးတို့ကို အနားပေးထားခဲ့ပြီး အရန်ကစားသမားအချို့နှင့် ပွဲထွက်ခဲ့သည်။ လာအိုအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့၍ အုပ်စုမှထွက်ရန် သေချာသွားပြီ ဖြစ်သည့် တီမောအသင်းကလည်း ရလဒ်ကောင်းရန် ကြိုးစားကစားခဲ့ရာ မြန်မာအသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး တစ်ဂိုးဖြင့်သာ ကပ်၍ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပွဲစကတည်းက မြန်မာအသင်းမှာ အနိုင်ရရှိရန် ကြိုးစားခဲ့သလို တီမောအသင်းကလည်း ခပ်မာမာတုံ့ပြန်ကစားမှုကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ တီမောအသင်းမှာ မြန်မာဂိုးပေါက်ကို အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ပိုဖိကစားနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို ၃၄ မိနစ်တွင် မိုင်းအိုက်နိုင်က သွင်းယူပေးခဲ့သည်။



**မြန်မာအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။**

မြန်မာအသင်းသည် အုပ်စုပွဲစဉ် ငါးပွဲယှဉ်ပြိုင်ရာတွင် လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ၁၃ မှတ်ဖြင့် ဆီမီးဖိုင်နယ် တက်သွားပြီဖြစ်သည်။ ဗီယက်နမ်အသင်းသည် လာအိုအသင်းနှင့် နိုဝင်ဘာ ၁၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဗီယက်နမ်အသင်းအနိုင်ရပါက အုပ်စုပထမဖြင့် ဆီမီးသို့တက်ရောက်နိုင်မည်ဖြစ်သည်။

**၁၇-၁၁-၂၀၁၁**
**(ဘန်ကာနိုကွင်း)**
ထိုင်း - စင်ကာပူ
အင်ဒိုနီးရှား - မလေးရှား
**(လီဘတ်ဘလူးစ်ကွင်း)**
လာအို - ဗီယက်နမ်

❖ **ရွှေ့ဖုံးမှ**

နိုဝင်ဘာ ၁၅ ရက် သေနတ်ပစ်ပြိုင်ပွဲ ၅၀ မီတာ Free Pistol ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မောင်ကြူးက ကြေးတံဆိပ်ဆုကို ဆွတ်ခူးရရှိပြီး အမျိုးသမီးမြားပစ် Individual Recurve ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သင်းသင်းခိုင်က ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိကာ ပန်ဂျပ်ဆီလတ် (၅၀- ၅၅) ကီလိုတန်းတွင် မြန်မာနိုင်ငံမှ ဝေဝေလွင်က မလေးရှားနှင့် ပူးတွဲတတိယ ကြေးတံဆိပ်ဆုရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာအမျိုးသမီးဖူဆယ်ဘောလုံးအသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၅**

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပသည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီး ဖူဆယ်ဘောလုံးအသင်းသည် ယနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မြန်မာအမျိုးသမီး ဖူဆယ်ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦး ခေါင်းဆောင်၍ ၁၆ ဦးပါဝင်သောအဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၏ ဇနီးတို့က ပို့ဆောင်နှုတ်ဆက်၍ ဘောလုံးအားကစားနည်း တာဝန်ခံနာယက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်မွန်မွန်အောင်က ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်မည့် ကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာလှေလှော်အဖွဲ့ပြန်လည်ရောက်ရှိ မြန်မာဂျူဒိုအဖွဲ့ ဂျကာတာမြို့သို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၅**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဦး ခေါင်းဆောင်၍ ၁၅ ဦးပါဝင်သော အဖွဲ့သည် ငွေတံဆိပ်သုံးဆု၊ ကြေးတံဆိပ်နှစ်ဆု ဆွတ်ခူး၍ နိုဝင်ဘာ ၁၄ ရက် ညနေ ၄ နာရီတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအေးကြည် ခေါင်းဆောင်သော မြန်မာဂျူဒိုအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် ည ၇ နာရီ မိနစ် ၄၀ တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# အကြိမ်(၅၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၁၁ ခုနှစ် အကြိမ်(၅၀)မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့တွင် သတ်မှတ်ထားသည့် ဇုန်များ၌ ကျင်းပရာ(က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ)အသင်းက ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ဂ)အသင်းကို ငါးဂိုး-ဂိုးမရှိ၊ ညနေပိုင်းတွင် တပ်မတော်(လေ)အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ဂ)အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)(စခန်းမှူးရုံး) အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ဃ) အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ညနေပိုင်းတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု(က) အသင်းက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၌ နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ညနေပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ နံနက်ပိုင်းတွင် အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ) အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ ညနေပိုင်းတွင် အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းက အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ) အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ (င)အုပ်စု ရကတဇုန်(ရန်ကုန်)၌ နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ကိုးဂိုး-တစ်ဂိုး၊ ညနေပိုင်းတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ဂ) အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ (စ)အုပ်စု လပခဇုန်(မန္တလေး)၌ နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ဂ)အသင်းက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု (ဂ)အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ညနေပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ) အသင်းက အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု(ခ) အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီးယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# Horizon Streetball 2011 ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာ့ဘတ်စကတ်ဘော အားကစား တိုးတက်လာစေရေးအတွက် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Horizon Sports Academy တို့ ပူးပေါင်းကျင်းပမည့် (၇)ကြိမ်မြောက် Horizon Streetball (Basket ball) ပြိုင်ပွဲကို နိုဝင်ဘာ ၂၆၊ ၂၇ ရက်များတွင် Horizon International School အမှတ်(၂၃၅) ရှုခင်းသာမြို့ပတ်လမ်း သာကေတမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် နိုဝင်ဘာ ၁၉ ရက်နောက်ဆုံးထား၍ အမှတ်(၂၅) ဖိုးစိန်လမ်း ဗဟန်းမြို့နယ်၌ နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း လာရောက်စာရင်းသွင်းနိုင်ကြောင်း သိရှိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အသက်(၁၂) နှစ်အောက်၊ (၁၄) နှစ်အောက်၊ (၁၆)နှစ်အောက်၊ (၁၉)နှစ်အောက်ပြိုင်ပွဲ အမျိုးသမီး အသက်(၁၂) နှစ်အောက်၊ (၁၄) နှစ်အောက်၊ (၁၆)နှစ်အောက်၊ အလွတ်တန်းပြိုင်ပွဲများ ပါဝင်သည်။ (၁၂)နှစ်အောက်ပြိုင်ပွဲတွင် ပထမ ကျပ်ခြောက်သောင်း၊ ဒုတိယ ကျပ်ငါးသောင်း၊ တတိယ ကျပ်လေးသောင်း၊ (၁၄)နှစ်အောက် ပြိုင်ပွဲတွင် ပထမ ကျပ်ရှစ်သောင်း၊ ဒုတိယကျပ် ခြောက်သောင်းငါးထောင်၊ တတိယ ကျပ်ငါးသောင်း၊ (၁၆)နှစ်အောက်ပြိုင်ပွဲတွင် ပထမကျပ်ကိုးသောင်း၊ ဒုတိယ ကျပ်ခုနစ်သောင်းငါးထောင်၊ တတိယ ကျပ်ခြောက်သောင်း၊ (၁၉)နှစ်အောက်နှင့် အလွတ်တန်း ပြိုင်ပွဲတွင် ပထမကျပ်တစ်သိန်း၊ ဒုတိယကျပ်ရှစ်သောင်း၊ တတိယ ကျပ်ခြောက်သောင်း ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၅၄၃၉၂၆၊ ၅၄၁၀၈၅၊ ၅၅၁၇၉၅ သို့ ဆက်သွယ် မေးမြန်းနိုင်သည်။

(ကိုကိုစိုးညွန့်-သတင်းစဉ်)



# ပျော်ဘွယ်မြို့နယ် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ပျော်ဘွယ် နိုဝင်ဘာ ၁၄**

ပျော်ဘွယ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ၊ မြို့နယ်ဘောလုံးဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၉ ရက် ညနေ ၃ နာရီတွင် ပျော်ဘွယ်မြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲအဖြစ် ရွှေပြည်ရန်နိုင် ရပ်ကွက်ဘောလုံးအသင်းနှင့် လျှော်ဖြူကုန်း(ရ) ကျေးရွာဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လျှော်ဖြူကုန်း(ရ) ကျေးရွာဘောလုံးအသင်းမှ ခုနစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တတိယဆုရ မန္တလေးရပ်ကွက်ဘောလုံးအသင်းအား တစ်ဦးချင်းဆုများကို မြို့နယ်စခန်းမှူး ရဲအုပ်မြင့်စိုးက လည်းကောင်း၊ ငွေသားကျပ်သုံးသိန်းဆုကို မြို့နယ်အားကစားမှူး ဦးဆန်းဝင်းသန်းက လည်းကောင်း၊ ဒုတိယဆုရ ရွှေပြည်ရန်နိုင်ရပ်ကွက်ဘောလုံးအသင်းအား တစ်ဦးချင်းဆုများကို မြို့နယ်အခွန်ဦးစီးမှူး ဦးကျော်တင့်က လည်းကောင်း၊ ငွေသားကျပ်ငါးသိန်းဆုကို မြို့နယ်ပညာရေးမှူး ဦးလှစိုးကလည်းကောင်း၊ပထမဆုရ လျှော်ဖြူကုန်း(ရ)ဘောလုံးအသင်းအား တစ်ဦးချင်းဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက လည်းကောင်း၊ ငွေသားဆုကျပ်ခုနစ်သိန်းဆုကို MGM ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်သီတာဦးက လည်းကောင်း၊ ပထမဆုရ လျှော်ဖြူကုန်း(ရ) ဘောလုံးအသင်းအား ပထမဒိုင်းဆုကြီးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(ယာပုံ)**

(မြို့နယ်ပြန်/ဆက်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## ဗြိတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင်ဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဌာန ဝန်ကြီး H.E. Mr. Andrew John Bower Mitchell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင်ဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဌာန ဝန်ကြီး H.E. Mr. Andrew John Bower Mitchell အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့ဆန္ဒနှင့် မျှော်လင့်ချက်များကို လွှတ်တော်က အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင် (၃)ရပ် ဟန်ချက်ညီစေရန် လွှတ်တော်က ကူညီပံ့ပိုးဆောင်ရွက်နေမှုနှင့် လွှတ်တော်ဥပဒေကြမ်းများ ရေးဆွဲနေမှုတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

### တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Andrew Richard Heyn လည်း တက်ရောက်သည်။

### ရှင်းလင်းပြောကြား

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဗြိတိသျှပါလီမန်အမတ် အစိုးရအဖွဲ့ဝင်ဝန်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတကာသတင်းမီဒီယာအဖွဲ့က သိရှိလိုသည်များကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် ကျောင်းဆောင်သစ်၊ ကျေးရွာစာကြည့်တိုက်၊ သံဃာ့ဆေးရုံနှင့် ဓာတ်မှန်ဆောင် ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၅

**စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် တပုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဒေါ်တင်အေးကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ကျင်းပရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေး၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရှိန်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်လှစ်ပေးကြပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။**

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်ပေးအပ်ပွဲကို ကျင်းပရာ အလှူရှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳





### စက်ခလုတ်နှိပ်ဖွင့်

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး ကနီမြို့နယ် ဝင်မနားကျေးရွာ သံဃာ့ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

### ပိုမိုသေးငယ်သော အီလက်ထရွန်နစ်ပစ္စည်းများ ဂရက်ဖိုက်ကိုသုံး၍ ထုတ်လုပ်နိုင်ရန် လေ့လာ

❝ ဂရက်ဖိုက်သည် လျှပ်စစ်ဓာတ်အားနှင့် သတင်းအချက်အလက်များ ပေးပို့ရာတွင် ကြေးနီနေရာ အစားထိုး ဝင်ရောက်ဖွယ်ရှိ ❞

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

### သိမှတ်စရာ မြန်မာစာ မြန်မာစကား

❝ မြန်မာစကားကို ပီပီသသရွတ်ဆိုကြမှ စာရေးသောအခါ အမှားအယွင်းကင်းစင်နိုင် ❞

ယနေ့ဖတ်စရာ စာမျက်နှာ - ၇

### မြန်မာအသင်း လေးပွဲမြောက် နိုင်ပွဲရသွားပြီ

❝ မြန်မာအသင်း လေးပွဲနိုင်၊ တစ်ပွဲသရေ၊ ၁၃ မှတ်ဖြင့် ဆီမီးဖိုင်နယ်တက် ❞

အားကစားသတင်း စာမျက်နှာ - ၁၀